Network for Human Rights Documentation - Burma
ND - Burma
လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်(မြန်မာနိုင်ငံ)



# မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေ အစီရင်ခံစာ

## ၂၀၁၉

ဇူလိုင်လ မှ ဒီဇင်ဘာလ အထိ

မျက်နှာဖုံးဓါတ်ပုံ : တိုက်ပွဲအတွင်း လက်နက်ကြီးပစ်ခတ်မှုကြောင့် နေအိမ်မီးလောင်နေပုံ။
ဓါတ်ပုံ – TWO

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) မှ ထုတ်ဝေဖြန့်ချိသည်။
office@nd-burma.org
www.nd-burma.org

ဒီဇိုင်း : mmlwin

# ကျေးဇူးတင်မှတ်တမ်း

လုံခြုံရေးအန္တရယ် ရှိသည့်တိုင် အမှန်တရားကို ရဲဝံ့စွာ ထုတ်ဖော်ပြောဆိုပေးခဲ့သူများနှင့် ND-Burma ကွန်ရက်အဖွဲ့ဝင် အဖွဲ့အစည်းများမှ စွန့်စွန့်စားစား အချက်အလက်ကောက် ယူပေးခဲ့သော ကွင်းဆင်း သတင်းကောက်ယူသူ အားလုံးအား ကျေးဇူးတင်ရှိပါသည်။

ND-Burma အဖွဲ့ဝင်များနှင့် ၎င်းတို့၏ လုံခြုံရေးကို ပဓာနမထားပဲ လူ့အခွင့်အရေးချိုးဖောက်မှု သက်သေ အထောက်အထားများအား ကြိုးပမ်းစုဆောင်းပေးမှု မရှိဘဲနှင့် ယခုအစီရင်ခံစာ ဖြစ်မြောက်လာမည် မဟုတ်ပါ။ ယခုအစီရင်ခံစာပါ ကျူးလွန်ခံရသူများ၏ သတိပေးချက်အရ မြန်မာပြည်ငြိမ်းချမ်းရေးရရှိရန်မှာ ဝေး ကွာနေသေးသည်။ သို့သော်လည်း ၎င်းတို့အနေဖြင့် ကြံ့ကြံ့ခံရပ်တည်ကာ အပြောင်းအလဲအတွက် မျှော်လင့်ချက်ကို လျော့ပါးစေသူများကို ဆန့်ကျင်၍ အမှန်တရားအတွက် ထုတ်ဖော်ပြောဆိုမှုက လှုံ့ဆော်မှုကို ဖြစ်စေသည်။

အစီရင်ခံစာဖြစ်မြောက်ရေးအတွက် အရေးကြီးသည့် အကူအညီများပေးခဲ့သည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့ အစည်းများအား အထူးပင် ကျေးဇူးတင်ပါသည်။

# အစိပ္ပါယ်ဖွင့်ဆိုချက်

| | |
|---|---|
| AA | ရက္ခိုင့်တပ်တော် |
| AASYC | ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး |
| AAPP | နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း |
| CEDAW | အမျိုးသမီးများအပေါ်နည်းမျိုးစုံဖြင့် ခွဲခြားဆန့်ကျင်မှုပပျောက်ရေး စာချုပ် |
| EAOs | တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ |
| IDPs | ပြည်တွင်းစစ်ရှောင်များ |
| ICJ | နိုင်ငံတကာ တရားရုံး |
| KIA | ကချင်လွတ်လပ်ရေးတပ်မတော် |
| KWAT | ကချင်အမျိုးသမီးအစည်းအရုံး ထိုင်းနိုင်ငံ |
| MNDAA | မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် |
| MNLA | မွန်အမျိုးသားလွတ်မြောက်ရေးတပ်မတော် |
| MNHRC | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် |
| NCA | တတိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် |
| NLD | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| TNLA | တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် |
| TWO | တအာင်းအမျိုးသမီးအဖွဲ့အစည်း |
| TSYU | တအာင်းကျောင်းသားနှင့် လူငယ်များအဖွဲ့ |
| UN | ကုလသမဂ္ဂ |
| UNDP | ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် |
| UNHCR | ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး |
| UNOCHA | ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးရုံး |

# ND-Burma အကြောင်း

ND-Burma ၏ အဖွဲ့ဝင် ၁၃ ဖွဲ့သည် တိုင်းရင်းသားများ၊ အမျိုးသမီးများနှင့် လိင်စိတ်ကွဲပြားသူများအား ကိုယ်စားပြုသည်။ နစ်နာခဲ့သူများ၏ တရားမျှတမှု ရရှိရေးအတွက် လူ့အခွင့်အရေးချိုးဖောက်မှုများကို ၂၀၀၄ ခုနှစ်မှစပြီး မှတ်တမ်းတင်နေသည့် အဖွဲ့အစည်းဖြစ်သည်။ ND-Burma တွင် အောက်ပါ အဖွဲ့ဝင် ၉ ဖွဲ့နှင့် ဆက်စပ်အဖွဲ့အစည်း ၃ ဖွဲ့ပါဝင်သည်။

### အဖွဲ့ဝင်အဖွဲ့အစည်းများ

၁။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့ (AAPP-B)
၂။ ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့် လူငယ်များအစည်းအရုံး (AASYC)
၃။ မွန်ပြည်လူ့အခွင့်အရေးအဖွဲ့ (HURFOM)
၄။ ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) (KWAT)
၅။ တအာင်းအမျိုးသမီးအဖွဲ့အစည်း (TWO)
၆။ တအာင်းကျောင်းသားနှင့် လူငယ်အဖွဲ့အစည်း (TSYO)
၇။ ထားဝယ်အမျိုးသမီးသမဂ္ဂ (TWU)
၈။ လူ့အခွင့်အရေး ကာကွယ် မြှင့်တင်သူများအဖွဲ့ (HRDP)
၉။ အနာဂတ်အလင်းတန်းဆုံမှတ် (FLC)

### ဆက်စပ်အဖွဲ့အစည်းများ

၁။ ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO)
၂။ နိုင်ငံရေးအကျဉ်းသားဟောင်းများကွန်ရက် ပဲခူးအရှေ့ခြမ်း (FPPS-E)
၃။ ပအိုဝ်းလူငယ်အစည်းအရုံး (PYO)
၄။ ရွှေ့ပြောင်းအသံအဖွဲ့ (PV)

# အချက်အလက်ကောက်ယူသည့်နည်းလမ်း

## ကွင်းဆင်းသတင်းကောက်ယူသူများ၏အခြေအနေ

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)၊ ND–Burma ၏ ကွင်းဆင်းအချက် အလက်ကောက်ယူသူများသည် လူ့အခွင့်အရေးမှတ်တမ်းများ ကောက်ယူရာတွင် အကြီးအကျယ် အန္တရာယ်ရှိသည့် အခြေအနေနှင့် ရင်ဆိုင်ရသည်။ လုံခြုံရေးအခြေအနေကြောင့် လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်းအား ထင်ထင်ပေါ်ပေါ် မလုပ်နိုင်သည့်အတွက် မြန်မာနိုင်ငံတဝှန်းလုံးတွင် ဖြစ်ပျက်နေသော လူ့အခွင့်အရေး အခြေအနေအားလုံးအား ထပ်ဟပ်ဖော်ပြနိုင်ခြင်း မရှိပေ။

အပစ်အခတ်ရပ်စဲထားသည့် နေရာများတွင်ပင် ကွင်းဆင်းအချက်အလက်ကောက်ယူသူများနှင့် ၎င်းတို့ဆက်သွယ်သည့် ပြည်သူလူထုမှာ လုံခြုံရေးအန္တရာယ်ကို ကြုံတွေ့ရတတ်သည်။ အဘယ်ကြောင့်ဆိုသော် စစ်တပ်၊ ရဲတပ်ဖွဲ့နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ကျူးလွန်ချိုးဖောက်ခံရသူများကို ဆိတ်ဆိတ်နေကြရန် မကြာခနခြိမ်းခြောက်၊ သတိပေးနေ၍ ဖြစ်သည်။ အကယ်၍ တိုက်ပွဲဖြစ်ပွားနေသည့် တိုင်းရင်းသားဒေသများတွင် ကွင်းဆင်းသတင်း ကောက်ယူသူတဦးအား ၎င်းမှတ်တမ်းတင်ထားသည့် လူ့အခွင့်အရေးချိုးဖောက်မှု သတင်းအချက်အလက်များနှင့်အတူ တွေ့ရှိပါက၊ အဆိုပါ ကွင်းဆင်းသမားသည် မတရားသည့် ဥပဒေများအရ အရေးယူခံရနိုင်ခြင်း၊ ဟန့်တားနှောင့်ယှက်ခံရခြင်းနှင့် အကြမ်းဖက် နှိပ်စက်ခြင်း ခံရနိုင်သည်။

**မှတ်တမ်းတင်ခြင်း** – လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (ND–Burma)သည် နိုင်ငံတကာ လူ့အခွင့်ရေးအန်ဂျီအိုများ၏ ကူညီမှုဖြင့် ကွန်ရက်အဖွဲ့ဝင်အဖွဲ့အစည်းများမှ ကွင်းဆင်းအချက်အလက် ကောက်ယူသူများကို သင်တန်းပေးသည်။ ထို့နောက် ကွင်းဆင်းအချက်အလက် ကောက်ယူသူများသည် မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် တွေ့ဆုံမေးမြန်း၍ လူ့အခွင့်အရေးဆိုင်ရာ သတင်းအချက်အလက်များကို ကောက်ကူ စုဆောင်းသည်။

ဖြစ်ရပ်တခုချင်းစီအား ရရှိသည့် အခွင့်အလန်းနှင့် အခြေအနေအပေါ် မူတည်၍ ကောက်ယူရသည်။ ယခုအစီရင်ခံသည့် အချိန်ကာလအတွင်း ဖြစ်ရပ်များသည် အစိုးရစစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAOs)များ ကျူးလွန်မှုများ ဖြစ်သည်။

သို့သော်လည်း မိမိတို့အနေဖြင့် သတင်းအချက်အလက်များ စုဆောင်းရန်အတွက် ကန့်သတ်ချက်အချို့နှင့် ကြုံတွေ့ရသည်။ လုံခြုံရေး တင်းကြပ်ထားမှုကြောင့် မြန်မာနိုင်ငံတဝှန်း ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအား ND-Burma မှ ကွင်းဆင်းသတင်း ကောက်ယူ သူများသည် စုဆောင်း၊ မှတ်တမ်းတင်နိုင်ခြင်း မရှိပါ။

လက်ရှိစစ်ပွဲများ ဖြစ်ပွားနေခြင်းနှင့် စစ်ပွဲကြောင့် ထွက်ပြေး၊ တိမ်းရှောင် နေရမှုတို့ကလည်း ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်ရှိ လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပွားနေသည့် ဒေသများသို့ သွားရောက် မှတ်တမ်းတင်ရန် အတွက် အတားအဆီးများ ဖြစ်ပေါ်စေသည်။

နောက်ဆုံးအနေဖြင့်စစ်တပ်အနေဖြင့်အပစ်ပေးအရေးယူခံရခြင်းမှကင်းလွတ်နေသည့်ယဉ်ကျေးမှုနှင့် လူ့အခွင့်အရေး ချိုးဖောက်ခံရသူတို့မှာလည်း လက်စားခြေ၊ ဒဏ်ခတ်ခံရမည်ကို ကြောက်ရွံ့နေမှု ရှိနေသဖြင့် ထုတ်ဖော်ပြောဆိုရန် အခွင့်အရေး ရနေသည့်တိုင်အောင် ပြောဆိုရန် ဝန်လေးနေကြခြင်း တို့ကြောင့်ဖြစ်သည်။

မည်သည့်အခက်အခဲများရှိနေပါစေ ND-Burma မှ ကွင်းဆင်းသတင်းကောက်ယူသူများသည် မြန်မာနိုင်ငံတွင် ဆက်လက်ဖြစ်ပေါ်နေသည့် လူ့အခွင့်အရေးအခြေအနေများကို မီးမောင်းထိုးပြနိုင်ရန် အချက်အလက်များကို ကြိုးပမ်းကောက်ယူ၊ စုဆောင်းကြပါသည်။

**အချက်အလက်စီမံခန့်ခွဲမှု** – လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (ND-Burma) အဖွဲ့ဝင် အဖွဲ့အစည်းများမှ ကွင်းဆင်းအချက်အလက် ကောက်ယူစုဆောင်းသူများ ပေးပို့လာသည့် အချက်အလက်များကို သက်ဆိုင်ရာ မိခင်အဖွဲ့အစည်းထံသို့ ပေးပို့သည်။ ထို့နောက် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ ကွန်ရက် ၏ ဒေတာဘေ့စ်အတွင်း သတင်းအချက်အလက်များ ထည့်သွင်းသည်။

ND-Burma ၏ အချက်အလက် စီမံခန့်ခွဲရေးအလုပ်အဖွဲ့ (Data Management Team) က အချက်အလက်များအား သုံးသပ်၍၊ ပြင်ဆင်စုစည်းပြီး ၂၀၁၉ ခုနှစ်၊ ဇူလိုင်လမှ ဒီဇင်ဘာလအတွင်း ဖြစ်ပွားခဲ့သော ချိုးဖောက်မှုများ အနက်မှ အစီရင်ခံစာတွင် အသုံးပြုရန် သင့်လျော်သည့် အဖြစ်အပျက်များကို ရွေးချယ်သည်။ ယခုအစီရင်ခံစာ ကာလမတိုင်ခင် ဖြစ်ပွားခဲ့သော တခြားသတင်းအချက်အလက်များ ကိုလည်း ပိုမိုအားကောင်းသည့် သမိုင်းမှတ်တမ်းအဖြစ် သိမ်းဆည်းထားမည်သည်။

# အကျဉ်းချုပ်

- ၂၀၁၉ ခုနှစ် ဇူလိုင်လမှ ဒီဇင်ဘာလအတွင်း အဖွဲ့ဝင်များမှ မှတ်တမ်းတင်ထားသည့် လူ့အခွင့်အရေး ချိုးဖောက်မှု ၁၀၂ ခုရှိပြီး ၂၀၁၉ တနှစ်လုံးတွင် ရှမ်း၊ ကချင်၊ ရခိုင်၊ ချင်း၊ မွန်၊ မန္တလေးနှင့် တနင်္သာရီ စသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး ၇ ခုတွင် လူ့အခွင့်အရေးချိုးဖောက်မှု ၄၂၅ ခုဖြစ်ပွားသည်။

- ပြည်သူအများစုမှာ မြေမြှုပ်မိုင်း၊ အတင်းအကြပ်ဖမ်းဆီး ခံရခြင်း၊ အရပ်သားများနေထိုင်ရာ ဒေသများ သို့ လက်နက်ကြီး၊ လက်နက်ငယ်တို့ဖြင့် ပစ်ခတ်ခြင်းစသည် ချိုးဖောက်မှုများ ခံကြရသည်။ ချိုးဖောက် မှုများကြောင့် ဒေသခံများ၏ လုံခြုံရေးကို မတည်မငြိမ် ဖြစ်စေသည်။

- သီပေါ၊ ကွတ်ခိုင်၊ ကျောက်မဲ၊ လားရှိုး၊ မိုင်းငေါ့၊ မန်တုန်၊ နမ်းခမ်း၊ နမ္မတူ၊ နမ့်ဆန်၊ သိန္နီ စသည့် ရှမ်း ပြည်မြောက်ပိုင်း ၁၀ မြို့နယ်တို့တွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပွားပြီး အများစုမှာ ကွတ်ခိုင် နှင့် နမ့်ဆန်တို့တွင် ဖြစ်ပွားသည်။

- စစ်ဆင်ရေးများသည် အထူးသဖြင့် ရခိုင်ပြည် မြောက်ပိုင်းရှိ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ ရသေ့ တောင်၊ ဘူးသီးတောင်၊ မြောက်ဦး၊ မင်းပြားနှင့် မြေပုံမြို့နယ်တို့တွင် ဖြစ်ပွားသည်။

- မိမိတို့ လက်လှမ်းမီသမျှ မှတ်တမ်းတင်နိုင်မှုတွင် မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ အဓိက ကျူးလွန်ချိုးဖောက်ကြပြီး မြန်မာ့တပ်မတော်မှ ချိုးဖောက်မှု ၄၉ ခု၊ တိုင်း ရင်းသားလက်နက်ကိုင်အဖွဲ့များမှ ချိုးဖောက်မှု ၁၆ ခုနှင့် မည်သူ့လက်ချက်မှန်းမသိသည့် ချိုးဖောက် မှု ၃၂ ခုရှိသည်။

- အကြမ်းဖက်ချိုးဖောက်မှုများကို အစီရင်ခံတင်ပြသည့်အခါ သတင်းအချက်အလက် စုဆောင်းခြင်း နှင့်၊ အကူအညီပေးရန် တားဆီးခံရခြင်းနှင့် အာဏာပိုင်များမှ မေးမြန်းခြင်းအပါအဝင် မိမိတို့အဖွဲ့ဝင်များ၏ လုံခြုံရေးကို အပြင်းအထန် ဆက်လက် ခြိမ်းခြောက်ခံကြရသည်။

- မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ တိုက်ပွဲဖြစ်ပွားရာတွင် အဓိက လူ့အခွင့် အရေးချိုးဖောက်မှုများ ဖြစ်ပွားပြီး ဒေသများ မူရင်းဒေသမှ မဖြစ်မနေ ထွက်ပြေးကြရသည်။

- တရားစီရင်ရေးစနစ်အပေါ် ယုံကြည်မှုမရှိကြသဖြင့် တိုင်းရင်းသားဒေများ အထူးသဖြင့် တိုက်ပွဲကြား ပိတ်မိနေသည့် ရခိုင်နှင့် ရှမ်းပြည် မြောက်ပိုင်းတို့တွင် ကြောက်ရွံ့မှုနှင့် မျှော်လင့်ချက် ကင်းမဲ့မှုများ ခံစားနေကြရသည်။

ND–Burma မှ နောက်ဆုံးထုတ်ပြန်ခဲ့သည့် ၂၀၁၉ ခုနှစ် ဇန်နဝါရီမှ ဇွန်လအထိ လူ့အခွင့်အရေးချိုးဖောက်မှု အစီရင်ခံစာ ထုတ်ပြန်ပြီးချိန်မှစ၍ ၂၀၁၉ ခုနှစ် ဇူလိုင်လမှ ဒီဇင်ဘာအထိ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသဖြင့် ဒေသခံပြည်သူများကို အကြီးအကျယ် ထိခိုက်စေပြီး ထိခိုက်နစ်နာသူများမှာလည်း တရားမျှတမှု ကို မရရှိပေ။ မြန်မာပြည်ရှိ တရားဥပဒေစိုးမိုးမှု အားနည်းခြင်းနှင့် လွတ်လပ်သည့် တရားစီရင်မှု မရှိခြင်းတို့ကြောင့် စနစ်အပေါ် ယုံကြည်မှုပျောက်ဆုံးနေပြီး စစ်တပ်မှ တရားမျှတမှု ထောက်တိုင်အပေါ် သိသိသာသာ သြဇာလွှမ်းမိုးမှုကြောင့်လည်း လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပေါ်နေသည်။

ယခုအစီရင်ခံသည့်ကာလအတွင်း ကျင့်ဝတ်နှင့် တရားရေးဆိုင်ရာ တာဝန်ယူတာဝန်ခံအရ ရိုဟင်ဂျာအရေးပေါ် ကိုင်တွယ်ဆောင်ရွက်ပုံနှင့် ပတ်သက်ပြီး မေးခွန်းထုတ်စရာနှင့် အထူးသဖြင့် လုံလောက်မှုမရှိသည့် ဆောင်ရွက်မှုတို့အပေါ် ဝေဖန်ထောက်ပြထားသော အရေးကြီးဖြစ်ရပ်များ ပြည်တွင်း၊ ပြည်ပသတင်းစာခေါင်းစဥ်များအဖြစ် ဖော်ပြခဲ့သည်ကိုတွေ့ရသည်။ လူ့အခွင့်အရေးချိုးဖောက်သူများနှင့် ပတ်သက်ပြီး တာဝန်ယူမှုရှိစေရန်အတွက် တက်ကြွလှုပ်ရှားသူများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် နိုင်ငံတကာအစိုးရများမှ ဆက်လက်ဖိအားပေးနေပြီး အကြံပြုထားသည့်အတိုင်း အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု ယန္တယားများကို မြန်မာ့တပ်မတော်နှင့် အစိုးရအနေဖြင့် ဖော်ဆောင် အကောင်အထည်ဖော်ရန်လည်း စည်းရုံးလှုံ့ဆော်ကြသည်။

ယခုအစီရင်ခံသည့် ကာလအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများသည် ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးမှု နောက်ခံကကို ဆန့်ကျင်၍ အထူးသဖြင့် ရှမ်းပြည်မြောက်ပိုင်း၊ ရခိုင်နှင့် ကချင်ပြည်နယ်တို့တွင် ဖြစ်ပွားကြသည်။ လွတ်လပ်၊ တရားမျှတသည့် ဒီမိုကရေစီ မြန်မာနိုင်ငံအဖြစ် အသွင်ကူးပြောင်းမှုနှောင့်နှေးရခြင်းမှာ မြန်မာ့တပ်မတော်အနေဖြင့် ရရှိထားသည့် အခွင့် အာဏာစွန့်လွှတ်ရန် တွန့်ဆုတ်နေခြင်းကြောင့်ဟု ND–Burma အနေဖြင့် နိဂုံးချုပ်လိုပါသည်။

# မြောက်ပိုင်းဒေသ အပစ်အခတ်ရပ်စဲမှု

၂၀၁၈ခုနှစ် ဒီဇင်ဘာတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ တိုးတက်စေရန်ဟုဆိုကာ မြန်မာ့တပ်မတော်က ၄ လ တာ တဖက်သတ် အပစ်အခတ်ရပ်စဲကြောင်းကြေငြာခဲ့သည်။ သို့သော်လည်း ကချင်နှင့် ရှမ်းပြည်မြောက်ပိုင်းတို့တွင် မြန်မာ့တပ်မတော်နှင့် EAOs များအကြား တိုက်ပွဲများဆက်လက်ဖြစ်ပွားသည်။ ထို့အတူ ရခိုင်နှင့် ချင်းပြည်နယ်များတွင် ပြင်းထန်သောတိုက်ပွဲများ ဖြစ်နေလင့်ကစား ၎င်းတို့၏ စတုတ္ထအဖွဲ့ဝင်ဖြစ်သော ရခိုင့်တပ်မတော် (AA) အားပါဝင်စေရန် မြောက်ပိုင်းမဟာမိတ်အဖွဲ့က တိုက်တွန်းနေသော်လည်း ၎င်းတို့ကို အပစ်အခတ်ရပ်စဲရေးမှ ဖယ်ချန်ထားခြင်းသည် အပစ်အခတ်ရပ်စဲရေး အကောင်အထည်ဖော်ခြင်းကို ရပ်ပျက်စေပြီး မသေချာမရေရာဖြစ်နေသည့် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်ကို ပြန်လည်အားဖြည့်အသက်ဝင်စေမည့် မည်သည့်အဓိပ္ပါယ်ရှိသော တွေ့ဆုံဆွေးနွေးမှုကိုမဆို ထိခိုက်စေပါသည်။

မြောက်ပိုင်းမဟာ မိတ်အဖွဲ့ဝင်များဖြစ်သည့် ကချင်လွတ်လပ်ရေးတပ်မတော် (KIA), တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA), မြန်မာဒီမိုကရေစီမဟာမိတ်တပ်မတော် (MNDAA) တို့ အခြေစိုက်ရာ ပဋိပက္ခဒေသများ ပါဝင်သည့် စစ်တိုင်းဒေသ ၅ ခုတွင် အပစ်ခတ်ရပ်စဲရေး ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားခဲ့ပြီးနောက် ၂၀၁၉ ဧပြီလကုန်တွင် နောက်ထပ် ၂ လ သက်တမ်းထပ်တိုးခဲ့သည်။ အပစ်အခတ်ရပ်စဲရေးမှာ ဩဂုတ်လ ၃၁ ရက်နေ့တွင် ပြီးဆုံးခဲ့သည်။

# ပဋိပက္ခက ငြိမ်းချမ်းရေးကန့်လန့်ကာကို ဆွဲလှူတ်ခတ်စေသည့် လောင်စာအဖြစ်ဆက်ရှိနေသည်။

တပ်မတော်နည်းပညာတက္ကသိုလ် (DSTA) အား TNLA, AA နှင့် MNDAA တို့ပါဝင်သည့် မြောက်ပိုင်းမဟာမိတ်အဖွဲ့က ဩဂုတ်လ ၁၅ ရက်တွင် ပူးပေါင်းတိုက်ခိုက်ပြီးနောက် မြန်မာ့တပ်မတော်နှင့် EAOs တို့အကြား တင်းမာမှု ပိုမိုဆိုးရွားလာသည်။ လူ ၁၅ ဦးသေဆုံးပြီး ၃ ဦး ဒဏ်ရာရရှိခဲ့သည်။[၁] မြန်မာအစိုးရက အဆိုပါ တိုက်ခိုက်မှုကို အကြမ်းဖက်တိုက်ခိုက်မှုအဖြစ်ရှုတ်ချခဲ့ပြီး ညီနောက်မဟာမိတ်အဖွဲ့ကမူ မြန်မာစစ်တပ်က ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးပွဲများနှင့် ပတ်သက်ပြီး စနစ်နှစ်မျိုးထားရှိ ဆက်ဆံနေခြင်းကို လက်တုန့်ပြန်ခြင်းဖြစ်သည်ဟု ပြောဆိုသည်။[၂]

---

၁. Moe Zaw, "More than a Dozen People Killed in Myanmar Rebel Attacks," VOA News, 15 August 2019. https://www.voanews.com/east-asia-pacific/more-dozen-people-killed-myanmar-rebel-attacks

၂. The Irrawaddy, "Myanmar Govt Condemns Joint Rebel Attacks as Terrorism." 16 August 2019. https://www.irrawaddy.com/news/burma/myanmar-govt-condemns-joint-rebel-attacks-terrorism.html

တိုက်ခိုက်မှုများဖြစ်ပွားပြီး ၂ ရက်အကြာတွင် တိုက်ပွဲများကြားပိတ်မိနေသူများကို လားရှိုးမြို့မှ သွားရောက် ကူညီသည့် ကယ်ဆယ်ရေးသမားများမှာ ဒုံးကျည်နှင့် လက်ဖြောင့်သေနတ်သမားများလက်ချက်ကြောင့် တဦး သေဆုံးပြီး၊ လေးဦးဒဏ်ရာရရှိသွားသည်။[၃]

၂၀၁၉ ဩဂုတ်လ ၃၁ ရက်နေ့တွင် ND-Burma ၏ အဖွဲ့ဝင် ကချင်အမျိုးသမီးအစည်းအရုံး ထိုင်းနိုင်ငံ (KWAT) မှ လားရှိုးလမ်းမကြီးဘေး၊ ကွတ်ခိုင်မြို့တောင်ပိုင်း အောင်ချမ်းသာ စားသောက်ဆိုင်အနီးတွင် မြန်မာ့ တပ်မတော်နှင့် မဟာမိတ်ညီနောင်များအဖွဲ့တို့ တိုက်ပွဲဖြစ်ပွားသည်ကို အစီရင်ခံစာ ထုတ်ပြန်ထားသည်။ ကွတ်ခိုင်မြို့တွင် တိုက်ပွဲမဖြစ်ပွားခဲ့သော်လည်း နံနက် ၁၀ နာရီခွဲတွင် မြို့၏ အနောက်ဘက်တွင်စခန်းထိုင်သည့် မြန်မာ့တပ်မတော် ခလရ ၄၅ ဘက်မှ မြို့တွင်းသို့ လက်နက်ကြီးများဖြင့် ရုတ်တရက် ပစ်ခတ်ခဲ့သည်။ လက်နက်ကြီးကျည်များသည် မြို့မြောက်ဖက်ရှိ အိမ်ခြေ ၁၄၀ရှိ မော်ဟာစ်ရပ်ကွက်သို့ တိုက်၏ရိုက်ထိမှန်ခဲ့သည်။[၄]

မြန်မာ့တပ်မတော်နှင့် ညီနောင်မဟာမိတ်အဖွဲ့များအကြား စက်တင်ဘာဆန်းတွင် အပစ်အခတ်ရပ်စဲရေးမူကြမ်းကို မူအရလက်ခံ ထားသည်ဆိုသော်လည်း[၅] မြန်မာ့တပ်မတော်နှင့် အပစ်အခတ်ရပ်စဲရေးသက်တန်း ကုန်သွားသည့်နောက် စက်တင်ဘာလကုန်တွင် ရှမ်းနှင့် ရခိုင်ပြည်နယ်တို့တွင် တိုက်ပွဲများ ပြန်ဖြစ်ပွားခဲ့သည်။[၆]

မြန်မာ့တပ်မတော်နှင့် EAOs များအကြား တိုက်ပွဲများဖြစ်ပွားသည့်အတွက် တပ်မတော်စစ်ခန်းများ တိုးပွား လာခြင်း၊ ရမ်းသမ်းပစ်ခတ်ခြင်း၊ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းနှင့် လေယာဉ်ဖြင့်ဗုံးကြဲခြင်းများ ဖြစ်ပေါ်စေသည်။ နယ်မြေနှင့် အရင်းအမြစ်များရရှိရန် မြန်မာ့တပ်မတော်အနေဖြင့် သဲကြီးမဲကြီး တိုက်ခိုက်နေသော်လည်း စစ်ဆင်ရေးများကြောင့် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုး တိုးတက်ရန် အလားအလာရှိသည့် အထောက်အထားမတွေ့ရပေ။ တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားခြင်း၏ အကျိုးဆက်အနေဖြင့် အစိုးရ၊ တပ်မတော်နှင့် ဖြစ်စဉ်တွင်ပါဝင်ကြသူများနှင့် ပြုလုပ်နေသည့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်နေစဉ်ပဋိပက္ခများ အရှိန်လျော့နည်းစေမည်မဟုတ် (သို့မဟုတ်) ပြီးဆုံးသွားစေမည်ဆိုပြီး တိုင်းရင်းသားများအကြား သဘောထားကွဲပြားမှုများ တိုးပွားလာသည်။

၃. "Ambulance driver killed in Myanmar as army battles rebels," Al Jazeera, 18 August 2019. https://www.aljazeera.com/news/2019/08/ambulance-driver-killed-myanmar-army-battles-rebels-190818103407132.html

၄. "No Justice for Ongoing Burma Army Crimes in northern Shan State," Kachin Women's Association Thailand, 7 January 2020. https://kachinwomen.com/no-justice-for-ongoing-burma-army-crimes-in-northern-shan-state-briefing-paper-by-the-kachin-womens-association-thailand/?fbclid=IwAR2ViWjHcexfqx_ofBfKNBmhjVmvGR107srZ5cdRJCJIivlLv3DBlm4L1lU

၅. Kyaw Kha, "Myanmar Gov't, Armed Groups Agree "In Principle" On Draft Ceasefire," The Irrawaddy, 18 September 2019. https://www.irrawaddy.com/news/burma/myanmar-govt-armed-groups-agree-principle-draft-ceasefire.html

၆. Lawi Weng, "Renewed Fighting in Shan and Rakhine as Myanmar Military Lets Ceasefire Expire," The Irrawaddy, 24 September 2019. https://www.irrawaddy.com/news/burma/renewed-fighting-shan-rakhine-myanmar-military-lets-ceasefire-expire.html

# တရားမျှတမှု နှောင့်နှေးခြင်း၊ ငြင်ပယ်ခံရခြင်းနှင့် ပျောက်ဆုံးခြင်း

လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်ပြီး ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူတာဝန်ခံမှု ရှိစေမည့် လက်ရှိ ယန္တရားများမှာလည်း လုံလောက်သည့် လုပ်ဆောင်မှုများနှင့် အလှမ်းဝေးနေဆဲဖြစ်သည်။ ဒီဇင်ဘာ ၁၀ ရက်၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့တွင် အဖွဲ့ဝင်များဖြစ်သည့် ရှေ့ပြေးအသံအဖွဲ့ (PV) (KWAT, Hurform, TWO တို့ အပါအဝင်) မှ မြန်မာ့အမျိုးသား လူ့အခွင့်အရေးကော်မရှင် (MNHRC) ၏ ဆောင်ရွက်ချက်များအပေါ် အစီရင်ခံစာ ထုတ်ပြန်ခဲ့သည်။

အစီရင်ခံစာတွင် အခြားအကြံပြုချက်များနှင့်အတူ MNHRC အား လွတ်လပ်သည့် အမျိုးသားအဖွဲ့အစည်း တခုအဖြစ် အသိအမှတ်ပြုလာစေရေးအတွက် လိုအပ်သည့် ယုံကြည်မှုတည်ဆောက်ရန်နှင့် ဦးဆောင်မှုအပိုင်းအား ပြုပြင်ရန် တောင်းဆိုထားသည်။[၇] MNHRC နှင့် ပတ်သက်ပြီး ကော်မရှင်အဖွဲ့ဝင်များရွေး ချယ်မှုအပိုင်းမှာ အကြီးအကျယ် ဝေဖန်မှုခံနေရသည်။ လတ်တလောတွင် မတူညီသည့်အဖွဲ့များပါဝင်မှု၊ ကျား၊ မ ညီမျှစွာပါဝင်မှုနှင့် အရပ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ မပါဝင်နိုင်ခြင်းဖြစ်သည်။ MNHRC သည် မြန်မာ့တပ်မတော်၏ ဩဇာလွှမ်းမိုးမှုအောက်မှ ကင်းလွတ်ရန်အတွက် ကော်မရှင်အဖွဲ့ဝင်များ ရွေးချယ်ခန့်အပ်ရေးသည် အရေးကြီးသည့် လုပ်ငန်းစဉ်ဖြစ်သည်။ သို့သော်လည်း ဦးဆောင်သူအများစုမှာ စစ်တပ်နှင့် အစိုးရအရာရှိဟောင်းများဖြစ်နေကြသည်။ ဘက်လိုက်မှုမရှိပဲ ဆောင်ရွက်ရန်နည်းပါးခြင်းက MNHRC ၏ လုပ်ပိုင်ခွင့်များအတိုင်း ပြည့်မီစွာ ဆောင်ရွက်ရန်အတွက် မေးခွန်းထုတ်စရာဖြစ်နေသည်။

# လူမျိုးတုန်းသတ်ဖြတ်မှု စွပ်စွဲချက်နှင့် ပတ်သက်ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့ သည်ဟိဂ်မြို့တွင် သွားရောက်ဖြေရှင်းရခြင်း။

မြန်မာနိုင်ငံသည် ရခိုင်ပြည်နယ်တွင် လူမျိုးတုန်းသတ်ဖြတ်မှု ကျူးလွန်ကြောင်း စွပ်စွဲထားသည့် စာမျက်နှာ ၄၆ မျက်နှာရှိ လျှောက်ထားချက်ကို ဂမ်ဘီယာနိုင်ငံက ကုလသမဂ္ဂ၏ အမြင့်ဆုံးတရားဖြစ်သည့် နိုင်ငံတကာ တရားရုံး (ICJ) သို့ ၂၀၁၉ နိုဝင်ဘာလတွင် တင်သွင်းခဲ့သည်။[၈] အဆိုပါ အမှုနဲ့ပတ်သက်ပြီး ပြည်တွင်း ပြည်ပတွင် သဘာထားကွဲပြားသည့် တုန့်ပြန်မှုများ ဖြစ်ပေါ်ခဲ့သည်။ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်

၇. Myanmar: A Little Less Conversation, A Little More Action Please," Progressive Voice, 9 December 2019: https://progressivevoicemyanmar.org/2019/12/09/myanmar-a-little-less-conversation-a-little-more-action-please/

၈. Owen Bowcott, "Gambia files Rohingya genocide case against Myanmar at UN court," 11 November 2019, The Guardian. https://www.theguardian.com/world/2019/nov/11/gambia-rohingya-genocide-myanmar-un-court

ဒေါ်အောင်ဆန်းစုကြည် က မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်ပြီး ဒီဇင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ICJ တွင် သွားရောက်ခုခံချေပခဲ့သည်။ သူမ၏ ဦးဆောင်မှုအပေါ် တချို့က ဆက်လက် သစ္စာရှိသော်လည်း တချို့မှာမူ ကျင့်ဝတ်ပိုင်းဆိုင်ရာနှင့် ပတ်သက်ပြီး စိတ်ပျက်ကြောင်း ထုတ်ဖော်ကြသည်။

သမိုင်းဝင်ကြားနာမှု၏ နောက်ဆုံး ၃ ရက်တွင် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတကာမှ အဓိပ္ပါယ်ဖွင့်ဆိုသည့် လူမျိုးတုန်းသတ်ဖြတ်မှု မြန်မာနိုင်ငံ၏ မည်သည့်နေရာတွင်မျှ မဖြစ်ပွားခဲ့ကြောင်း ရပ်တည်ပြောဆိုခဲ့သည်။[၉]

ခုံရုံးတွင် ဂမ်ဘီယာနိုင်ငံ၏ စွပ်စွဲချက်ကို မြန်မာဘက်မှ ခုခံပြောဆိုသည့် အဖွင့်အမှာစကားတွင် သူမက ဂမ်ဘီယာ၏ တင်ပြချက်သည် "ပြည့်စုံမှုမရှိသလို ရခိုင်ပြည်နယ် အခြေအနေကို လွဲမှားစွာ ပုံဖော်ခဲ့သည်" ဟု ပြောဆိုခဲ့သည်။[၁၀] လူ့အခွင့်အရေးချိုးဖောက်သူများအား ပြည်တွင်း တရားစီရင်ရေး ယန္တယားများဖြင့် ကိုင်တွယ် ဆောင်ရွက်ရမည်ဖြစ်ပြီး တပ်မတော်မှ စစ်ရာဇဝတ်မှု ကျူးလွန်သူများကို စစ်ခုံရုံးဖြင့် စစ်ဆေးစီရင်ရမည်ဟုလည်း သူမက ပြောဆိုခဲ့သည်။ လက်တွေ့တွင်မူ စစ်တပ်မှ ဖန်တီးရေးဆွဲထားသည့် စနစ်အတွင်း စစ်သားများသည် ဖွဲ့စည်းပုံအရ အပြစ်ကျူးလွန်သူများ အပြစ်ဒဏ်ခတ်ရခြင်းမှ ကင်းလွတ်ခွင့်ရနေသည့်အတွက် တာဝန်ယူ၊ တာဝန်ခံမှုကို ရှောင်ကွင်းနေနိုင်ကြသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင်အစိုးရ၏နယ်မြေရှင်းလင်းရေးစစ်ဆင်ရေးကိုကြောက်ရွံ့သည့်အတွက် ရိုဟင်ဂျာ ၇ သိန်းကျော်သည် ၂၀၁၈ နှစ်ကုန်တွင် မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးကြရသည်။ အဆိုပါ စစ်ဆင်ရေးသည် ရခိုင် ရိုဟင်ဂျာ ကယ်တင်ရေးတပ်မတော် (ARSA) ၏ တိုက်ခိုက်မှုများကို လက်တုန့်ပြန်ဖြေရှင်းခြင်းဖြစ်သည်။ အဓမ္မပြုကျင့်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ အတင်းအကြပ်မောင်းထုတ်ခြင်းနှင့် တခြား ဆိုးရွားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးမစ်ရှင် (UNFFM) မှ သက်သေအထောက်အထား ခိုင်ခိုင်လုံလုံနှင့် မှတ်တမ်းတင်၍ လူမျိုးတုန်းစေရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခဲ့သည်ဟု တင်ပြခဲ့သော်လည်း မြန်မာအစိုးရနှင့် တပ်မတော်က စွပ်စွဲချက်များကိုငြင်းဆန်ခဲ့သည်။

၉. Kyaw Phyo Tha, "No Genocide Was Committed in Myanmar, State Counselor Tells World Court," 11 December 2019, The Irrawaddy. https://www
၁၀. Ibid

# ရခိုင်၊ ရှမ်း၊ ကချင်နှင့် မွန်ပြည်နယ်တို့ရှိ လူ့အခွင့်အရေးအခြေအနေ

## ရခိုင်ပြည်နယ်

ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးရုံး (UNOCHA) ၏ စစ်တမ်းအရ ၂၀၁၉ ဒီဇင်ဘာလတွင် ရခိုင်ပြည်နယ်အတွင်း စစ်ရှောင်စခန်း ၂၄ ခုရှိနေသည်။[၁၁] ရခိုင်တိုင်းရင်းသားကွန်ဂရက် (REC) ၏ အဆိုအရ တိုက်ပွဲများကြောင့် ၂၀၁၉ ဇန်နဝါရီမှစပြီး ပြည်သူလူထု ၆၀၀၀၀ ကျော် စစ်ရှောင် ထွက်ပြေးနေရသည်။[၁၂] အရပ်သားများ နေရပ်စွန့်ခွာ တိမ်းရှောင်ရခြင်းနှင့် ထိခိုက်သေဆုံးမှု မြင့်မားလာခြင်းအပေါ် ဥပဒေပြုနိုင်သူများ၊ အာဏာပိုင်များနှင့် အရပ်ဖက်အဖွဲ့အစည်းများအား အခြေအနေအား အနီးကပ် စောင့်ကြည့်ရန် တိုက်တွန်းမှုများ ထွက်ပေါ်လာပြီးနောက် ရခိုင်အစိုးရအားလည်း စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် တောင်းဆိုကြသည်။[၁၃] တင်ပြချက်ကို စစ်တပ် ကိုယ်စားလှယ်များမှအပ ကျန်ကိုယ်စားလှယ်များက ထောက်ခံကြသည်။[၁၄]

၂၀၁၉ နှစ်ကုန်သည် ရခိုင်ပြည်နယ်တွင် နေ့စဉ်နီးပါး တိုက်ပွဲများဖြစ်နေသည့်အတွက် ပြည်နယ်အတွက် အကြီးအကျယ် ပျက်စီးဆုံးရှုံးစေသည့် ကာလဖြစ်နေသည်။ မြောက်ဦးမြို့နယ်တွင် ဒီဇင်ဘာ ၂၀၁၉ ခုနှစ်က တပ်စွဲထားသည့် မြန်မာ့တပ်မတော်မှ လက်နက်ကြီးဖြင့် ပစ်ခတ်သဖြင့် အသက် ၁၃ နှစ်၊ ၂၂ နှစ်၊ ၂၅ နှစ် အရွယ် မိန်းကလေးများ။ အသက် ၃ နှစ်နှင့် ၁၀ နှစ်ရှိ ယောကျ်ားလေးများ ဒဏ်ရာရခဲ့သည်။[၁၅] လက်နက်ကြီး ဖြင့် ရွာထဲပစ်ခတ်သဖြင့် မြောက်ဦးမြို့နယ်တွင်ပင် ၁ လသားအရွယ် မိန်းကလေးတဦး၊ ၄ နှစ်အရွယ် ယောကျ်ားလေးနှင့် အသက် ၃၀ အရွယ်အမျိုးသမီးတဦး သေဆုံးပြီး အမျိုးသားတဦးနှင့် အမျိုးသမီး ၃ ဦး ဒဏ်ရာရသွားသည်။ အမျိုးသမီးတဦး၏ ဘယ်ခြေတွင် ဒဏ်ရာအကြီးအကျယ်ရသွားပြီး ညာဒူးဆစ်လွဲသွား သည်။[၁၆] မြန်မာ့တပ်မတော်နှင့် AA အကြား စစ်ရေးတင်းမာလာသဖြင့် ဒေသခံရွာသား ၄၀၀၀ နှင့် ၆၀၀၀ ကြားမှာ ပလက်ဝမြို့တဝိုက်သို့၎င်း၊ တချို့ရွာသားများမှာ ကုလားတန်မြစ်တလျှောက် ရွှေ့ပြောင်းသွားကြသည်။ ထိုလတွင်ပင် လက်နက်ကြီးဒဏ်ကြောင့် ရွာသားများသေဆုံးဒဏ်ရာရပြီး အသက်မသေပဲ ကျန်ရစ်ခဲ့သူများ မှာလည်း ယာယီခိုလှုံစရာနေရာများကို ရှာဖွေကြရသည်။

၁၁။ Map, United Nations Office for the Coordination of Humanitarian Affairs (UNOCHA), Myanmar: IDP sites* in Rakhine State February 2020 . https://reliefweb.int/map/myanmar/myanmar-idp-sites-kachin-state-31-july-2019

၁၂။ Rakhine Ethnic Congress: http://www.rakhineethnicscongress.org/

၁၃။ Min Aung Khine, "Lawmaker Demands Probe Into Civilian Deaths in Myanmar's Rakhine State," The Irrawaddy, 19 September 2019. https://www.irrawaddy.com/news/burma/lawmaker-demands-probe-civilian-deaths-myanmars-rakhine-state.html

၁၄။ Nyan Lynn Aung, "Rakhine Assembly Oks Probe of Civilian Deaths in Clashes," 26 September 2019, The Myanmar Times. https://www.mmtimes.com/news/rakhine-assembly-oks-probe-civilian-deaths-clashes.html

၁၅။ Min Aung Khine, "5 Civilians Injured in Mrauk-U as Myanmar Military Shells Village, 2 December 2019, The Irrawaddy. https://www.irrawaddy.com/news/burma/5-civilians-injured-mrauk-u-myanmar-military-shells-village.html

၁၆။ Min Aung Khine, "Three Dead, Seven Injured by Artillery Shells in Two Incidents in Myanmar's Mrauk-U," 2 December 2019, The Irrawaddy. https://www.irrawaddy.com/news/burma/three-dead-seven-injured-artillery-shells-two-incidents-myanmars-mrauk-u.html

တိုက်ပွဲများကြားမှ ရှိးသားသည့် ပြည်သူများ၏ လုံခြုံရေးအခြေအနေမှာလည်း အထိအခိုက်ခံနေရသည်။ ND–Burma အဖွဲ့ဝင်ဖြစ်သည့် ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး(AASYC) ၏ မှတ် တမ်း အ ရ ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် အရပ်သား ၁၂ ၅ဦး သေဆုံးပြီး အများစုမှာ လက်နက်ကြီးနှင့် မြင်မြင်သမျှ ရမ်းသမ်းပစ်ခတ်ခြင်းကြောင့် သေဆုံးရခြင်းဖြစ်သည်။[၁၇] တိုက်ပွဲများ မကြာခနဖြစ်ပွားသည့် အတွက်ရွာသားများမှာ အနီးဝန်းကျင်ရှိ ဘုန်းကြီးကျောင်းများသို့ ထွက်ပြေးခို လှုံကြရသည်။ အမျိုးသမီး၊ ကလေးနှင့် သက်ကြီးရွယ်အိုများမှာလည်း လုံခြုံမှုအကင်းမဲ့ဆုံးဖြစ်နေသည်။

AASYC မှ ၂၀၁၉ ဒီဇင်ဘာ ၂၈ ရက်နေ့တွင် မှတ်တမ်းတင်ထားမှုအရ မြန်မာ့တပ်မတော်နှင့် AA တို့ ကျောက်တော်မြို့နယ်တွင် တိုက်ပွဲဖြစ်ပွားသဖြင့် အရပ်သား ၄ ဦး ဒဏ်ရာ ရရှိသွားသည်။

*“ပေါက်ကွဲသံတွေကြားပြီးတဲ့နောက် တိုက်ပွဲဖြစ်သံတွေ ကျနော်တို့ ကြားရတယ်။ နှစ်ဖက်ပစ်ခတ်ကြတာ နာရီဝက်လောက်ရှိတယ်။ တိုက်ပွဲကြောင့် ရွာသား ၄ ဦး ဒဏ်ရာရသွားတယ်”* ဟု လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝင်း က ပြောသည်။[၁၈]

နောက်ထပ် ဖြစ်ရပ်တခုတွင် ဘုန်းကြီးကျောင်းတွင် ယာယီတပ်စွဲထားသည့် မြန်မာ့တပ်မတော်မှ ပစ်ခတ် သည့်အတွက် အိမ်မှ ကျောင်းသို့ လမ်းလျှောက်သွားနေသည့် အသက် ၉ နှစ်အရွယ် ယောကျ်ားလေး တဦးသေဆုံးမှု ကျောက်တော်မြို့ ပစ်သေရွက်တွင် ဖြစ်ပွားခဲ့သည်။[၁၉] အသေအပျောက် ထိခိုက်မှုနှင့် ပတ်သက်ပြီး မိသားစုဝင်တဦးမှ *“လမ်းပေါ်ကနေ စစ်သား ၃ ယောက်က ပစ်နေတယ်၊ ကျမတူလေးကအိမ်ထဲဝင်လာမယ့်ဆဲဆဲမှာ ထိသွားတယ်၊ သူ ကျမ လက်ပေါ်မှာပဲ ဆုံးသွားတယ်။ ကျောင်းသားတွေ အပစ်ခံရလို့ ကျမ ဒေါသထွက်ခဲ့ တယ်”* ဟု ပြောသည်။ မြန်မာ့တပ်မတော် အနဖြင့် ကလေးငယ်အား ချိန်ရွယ်ပစ်ခတ်ခဲ့သည်ဟု AASYC မှ အစီရင်ခံခဲ့သည်။ ကျည်က ကလေးငယ်၏ ဝမ်းဗိုက်နှင့် တံတောင်ဆစ် အောက်ပိုင်းကို ထိမှန်ခဲ့သည်။ ထို အချိန်က မြန်မာ့တပ်မတော်နှင့် AA တို့အကြား ပစ်ခတ်တိုက်ခိုက်မှု မရှိခဲ့ပေ။ တိုက်ပွဲများအကြားရှိ အရပ်သားများအား အကာအကွယ်ပေးရမည့် သာဓကပင်ဖြစ်သည်။

လူသားချင်းစာနာသည့် အကူအညီပေးရေးလုပ်သားများမှာလည်း အလွန့်အလွန် အန္တရာယ်ရှိသည့် အနေအထားဖြင့် ပစ်မှတ်ထားခြင်းခံနေရသည်။ AASYC မှ မှတ်တမ်းတင်ထားသည့် ဖြစ်ရပ်တခုတွင် Plan

၁၇။ AASYC News Bulletin
၁၈။ Ibid
၁၉။ “Primary school boy shot and killed in Kyauktaw Township,” 10 December 2019, Development Media Group. https://www.bnionline.net/en/news/primary-school-boy-shot-and-killed-kyauktaw-Township

International မှ ဝန်ထမ်းတဦးဖြစ်သူ အသက် ၂၅ နှစ် အရွယ်ရှိ ကိုရဲလင်းအောင်သည် ၂၀၁၉ ဇူလိုင်လ ၂၈ ရက်နေ့တွင် အိမ်သို့ ဆိုင်ကယ်ဖြင့် ပြန်နေစဉ် မြန်မာစစ်တပ်၏ ပစ်ခတ်ခြင်းကိုခံခဲ့ရသည်။ ည ၈နာရီခန့်တွင် သူသည် ဆိုင်ကယ်မောင်းရင်း မြန်မာတပ်ဖွဲ့တဖွဲ့ကို ဖြတ်ကျော်ပြီးချိန် မြောက်ဦးမြို့နယ် ကျောက်ရိပ်ခြေရပ်ကွက်တွင် ပစ်ခတ်ခံရခြင်းဖြစ်သည်။AASYC ၏ သတင်းအရ သူ့အား စစ်သားများက ရပ်တန့်ခိုင်းသော်လည်း မကြားသဖြင့် ဆက်မောင်းသွားရာ သူ၏ ရင်ဘတ်အား ပစ်ခတ်ခြင်းခံရပြီးနောက် ဆေးရုံသို့ ပို့ဆောင်လိုက် ရသည်။ ထိုသို့ အခွင့်အရေးချိုးဖောက်ခံရသော်လည်း ပစ်ခတ်ခံရသူအား မြန်မာ့တပ်မတော်မှ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် တရားစွဲခဲ့သည်။[၂၀]

၂၀၁၉ ခုနှစ် ဩဂုတ်လတွင် တိုက်ပွဲအကြီးအကျယ်ဖြစ်ပွားရာ လက်နက်ကြီးပတ်ခတ်မှုကြောင့် မင်းပြားမြို့နယ်၊ ပန်းမြောင်ကျေးရွာရှိ ကလေး သုံးဦး သေဆုံးပြီး၊ နောက်ထပ် သုံးဦးဒဏ်ရာ ရခဲ့ကြောင်း AASYC မှ အစီရင်ခံ ထုတ်ပြန်ခဲ့သည်။[၂၁]

## ချင်းပြည်နယ်

ချင်းပြည်နယ်ရှိ ပြည်သူလူထုမှာ မြန်မာ့တပ်မတော်နှင့် AA တို့၏ ကြောက်ရွံ့စေရန် အသုံးပြုသည့် နည်းနာနှင့် ဖိနှိပ်မှုတို့ကို ခံကြရသည်။ ခရစ်ယာန်ဘာသာဝင်တို့မှာလည်း ၄င်းတို့ဘာသာကို ထိပါးစော်ကားမှုကိုခံကြရသည်။ ND-Burma ၏ ဆက်စပ်အဖွဲ့ဝင်ဖြစ်သည့် CHRO မှ ၂၀၁၉ ခုနှစ် ဇွန်လ မှတ်တမ်းများတွင် ကျေးရွာအုပ်စုများအနေဖြင့် ခရစ်ယာန်ဒေသခံများနှင့် ဆက်သွယ်ပါက ဒဏ်ကြေးပေးရသည့် ခြိမ်းခြောက်မှုနှင့် အတင်းအကြပ် ဘာသာကူးပြောင်းခိုင်းမှုများကို တွေ့ရသည်။ အဆိုပါ ဖြစ်ရပ်များကို ရခိုင်ပြည်နယ် အမ်းမြို့နယ်တွင် ဒေသခံ အာဏာပိုင်များနှင့် ဘုန်းကြီးကျောင်းများက ပူးပေါင်းလုပ်ဆောင်ကြသည်။[၂၂]

မကြာခဏနှင့် စနစ်တကျ ဖြစ်ပွားသည့် ပျောက်ဆုံးမှုများကိုလည်း CHRO က မှတ်တမ်းတင်ထားသည်။ ချင်းပြည်နယ်တောင်ပိုင်း ပလက်ဝမြို့နယ်တွင် ဒေသခံရွာသားများမှာ အမည်မသိ နက်ကိုင်အဖွဲ့အစည်းများက ဖမ်းဆီးပြီးနောက် ပျောက်ဆုံးမှုများဖြစ်ပွားသဖြင့် သေဆုံးသွားမည်ကို စိုးရိမ်နေကြသည်။ ၂၀၁၉ ခုနှစ် စက်တင်ဘာမှစပြီး ပလက်ဝမြို့နယ်တွင် ပျောက်ဆုံးမှု ၁၃ မှု ဖြစ်ပွားခဲ့သည်။[၂၃] မြန်မာ့တပ်မတော်နှင့် AA တို့က အဆိုပါ ပျောက်ဆုံးမှုများနှင့် ပတ်သက်ပြီး ၎င်းတို့ လက်ချက်မဟုတ်ကြောင်း ငြင်းဆိုကြသည်။

၂၀။ AASYC News Bulletin
၂၁။ AASYC News Bulletin
၂၂။ "Annual Report on the Situation of Human Rights in Chin State and Western Myanmar," 10 December 2019, Chin Human Rights Organization
၂၃။ CHRO News Bulletin

၂၀၁၉ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် မော်တော်ဆိုင်ကယ် တက္ကစီသမားများဖြစ်သည့် ကိုအိုက်ကျော်လင်း နိုင် (၂၃)၊ အိုက်ကျော်စိန် (၃၁)၊ အိုက်ကျော်ကျော် သန်း (၂၈) နှင့် အိုက်ကျော်လင်း (၂၅) တို့သည် အလုပ်မှ အိမ်သို့ပြန်လာရာ ည ၇ နာရီခန့်တွင် အမည်မသိ လက်နက်ကိုင်အဖွဲ့မှ ဖမ်းဆီးခြင်းခံရသည်။ CHRO အဆိုရ ၎င်းတို့မှာ ပျောက်ဆုံးလျှက်ရှိသည်။[၂၄]

ယခုအစီရင်ခံသည့် ကာလအတွင်း ဒေသခံများမှာ ၎င်းတို့နေရာမှ အပြင်သို့ထွက်ခွာ အလုပ်သွားရန် (သို့မ ဟုတ်) အခြေခံအစားအစာများ ထွက်ဝယ်ရန်ပင် ကြောက်ရွံ့နေကြသည်ဟု CHRO မှ ကောက်ချက်ချထားသည်။ လေးမြို့မြစ်ကို အသုံးပြုပြီး ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်သို့ သွားရောက်ကြသည့် ဒေသခံများမှာ မကြာခနဖမ်းဆီးခံရပြီး ဆန်၊ ဆီ၊ ဆား စသည့် လူသုံးကုန်ပစ္စည်းများကိုလည်း AA မှ သိမ်းယူနေသည်။ မြန်မာ့တပ်မတော်နှင့် AA တို့အကြား တိုက်ပွဲများ ရပ်တန့်ရန်နှင့် အထူးသဖြင့် AA အဖွဲ့အနေဖြင့် ပလက်ဝ ဒေသခံများအား ပြန်ပေးဆွဲခြင်း၊ အတင်းအဓမ္မဖမ်းဆီးခြင်းနှင့် ပျောက်ဆုံးသွားခြင်းတို့အား ရပ်တန့်ရန် CHRO မှ တောင်းဆိုထားသည်။

## ရှမ်းပြည်နယ်

ရှမ်းပြည်နယ်တွင် အထူးသဖြင့် ပြည်နယ်မြောက်ပိုင်းရှိ မြို့နယ်များတွင် မတည်ငြိမ်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆက်လက် ဖြစ်ပွားနေသည့်အတွက် ပဋိပက္ခများရပ်တန့်ရန် ဒေသခံများ၏ တောင်းဆိုသံများ သတင်း စာမျက်နှာများပေါ်တွင် ကျယ်ကျယ်လောင်လောင် ပေါ်ထွက်ခဲ့သည်။ လက်နက်ကြီး ကျရောက်ပေါက်ကွဲမှု ကြောင့် မိန်းမနှင့် ကလေးများ ဆုံးရှုံးသွားသည့် ဖခင်တဦး၏ ပြောကြားချက်က တိုက်ပွဲများက အပြစ်မဲ့ပြည်သူများအပေါ် မည်သည့်အတိုင်းအတာဖြင့် သက်ရောက်နေကြောင်း ပြသနေသည်။ အသက် ၃၇ နှစ်အရွယ်ရှိ ထိုအမျိုးသားက "ကျနော့်ဘဝက အဓိပ္ပါယ်မရှိတော့ဘူး၊ မခံစားနိုင်အောင် ဝမ်းနည်းမိတယ်" ဟုပြောသည်။[၂၅]

အစိုးရ တာဝန်ရှိသူများက ပြည်သူလူထု၏ လုံခြုံရေးကို ပိုမိုအာမခံရန် ပျက်ကွက်သည့်အတွက် ရှမ်းပြည် နယ်တွင် ကျင်းပသည့် ခမ်းနားသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများအား ဆန့်ကျင်ပြီး ဒေသခံများက အလားတူ ထပ်လောင်းပြောဆိုကြသည်။ စစ်စခန်းများတွင် မဟုတ်ပဲ အရပ်သားများနေရာတွင် တိုက်ပွဲများ

---

၂၄။ CHRO News Bulletin
၂၅။ Kyaw Kha, "Shelling Fractures Families in Myanmar's Conflict-Torn Shan State," 10 December, The Irrawaddy. https://www.irrawaddy.com/news/burma/shelling-fractures-families-in-myanmars-conflict-torn-shan-state.html

မကြာခန ဖြစ်ပွားသည့်အတွက် အရပ်သားများ လုံခြုံမှုမှာ အလှမ်းဝေးနေဆဲဖြစ်သည်။ ရောဝတီသတင်းဌာနနှင့် အင်တာဗျူးတခုတွင် အရပ်သားတဦးက *“ကျနော်တို့ရွာအပေါ် လက်နက်ကြီးကျည် ဘယ်တော့ ကျပြီးကွဲမလဲဆိုတာ အမြဲစိတ်ထဲတွေးနေရတယ်။ အိပ်ရင်းတရေးနိုးရင်တောင် စဥ့်းစားတယ်။ လက်နက်ကြီးသံတွေကလည်း ကြားနေရတယ်။ ကျနော်တို့လည်း လူသားတွေပါ၊ ကျနော်တို့ကို ချမ်းသာပေးပါ။”*[၂၆]

အဆိုးရွားဆုံးဖြစ်ရပ်တခုမှာ ရှမ်းပြည်မြောက်ပိုင်း လားဟူလွိုင်တော်ရွာသားများ ရွာမှ အတင်းအကြပ်ထွက်ပြေးရသည့်အခါ ရာသီဥတု အေးလွန်း၍ ၅ လသားအရွယ် ကလေးတဦး သေဆုံးသွားခဲ့မှုဖြစ်သည်။[၂၇] ရွာသားများ ထွက်ပြေးကြရပြီးနောက် ဘုန်းကြီးကျောင်းများတွင် ခိုလှုံရသည့်အခါ စောင်မလုံမလောက်မှုကလည်း ရွာသားများတွေ့ကြုံနေရသည့် နောက်ထပ် အခက်အခဲတခုဖြစ်သည်။ ထွက်သွားရန် သတိပေးသည့်အချိန်တွင် မိသားစုများမှာ လိုအပ်သည့် ပစ္စည်းများယူဆောင်ချိန် မရခြင်းဖြစ်သည်။ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) နှင့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဥ် (UNDP) တို့၏ စာရင်းများအရ ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် ပြည်တွင်းစစ်ရှောင်ဒုက္ခသည် ၁၀၇,၀၀၀ ဦး ကချင်နှင့် ရှမ်းပြည် နယ်တို့တွင် ရှိနေသည်။[၂၈]

မြေမြှုပ်မိုင်းများမှာလည်း ပြည်သူလူ၏ နေ့စဉ်ဘဝကို ခြိမ်းခြောက်နေသည်။ ကြောက်ရွံ့မှုကို ပို၍ဆိုးစေသည်မှာ EAOs များ၏ ခြိမ်းခြောက်မှုပင်ဖြစ်ပြီး မိုင်းပေါက်ကွဲ၍ သေဆုံးသွားလျှင် (သို့မဟုတ်) ၎င်းတို့ မွေးမြူထားသည့် တိရိစ္ဆာန်များကြောင့် မိုင်းပေါက်ကွဲသွားလျှင် TNLA အား ဒေါ်လာ ၃၃၀ ခန့် မိုင်းဖိုးလျော်ကြေးပေးဆောင်ရသည်။[၂၉] သို့သော်လည်း TNLA က ထိုသို့ မလုပ်ကြောင်း ငြင်းဆိုသည်ဟု လူထုတွေ့ဆုံ ပွဲသို့ တက်ရောက်သည့် နမ့်ဆန်မြို့နယ်အတွင်းရှိ ရွာသားတဦးက ပြောဆိုသည်။

ရှမ်းပြည်မြောက်ပိုင်းတွင် အရပ်သားများ မြေမြှုပ်မိုင်းကြောင့် သက်ရောက်မှုကို ဖော်ပြနေသည်မှာ မြန်မာ့တပ်မတော်သို့မဟုတ် EAOsများက၎င်းတို့အားသတ်ပစ်ခြင်းသို့မဟုတ်ပေါက်ကွဲသွားသည့်မိုင်းအတွက် အလျော်ပေးရန် အတင်းအကြပ်တောင်းဆိုမည်ကို အကြီးအကျယ် ကြောက်ရွံ့နေကြခြင်းဖြစ်သည်။[၃၀]

---

၂၆။ Nan Lwin Hnin Pwint, "'We Are Humans': Shan State IDPs Endure as Myanmar Military, TNLA Continue Clashes," 6 December 2019, The Irrawaddy. https://www.irrawaddy.com/news/burma/humans-shan-state-idps-endure-myanmar-military-tnla-continue-clashes.html

၂၇။ Infant Dies of Exposure after Villagers Flee Fighting," 22 December 2019, Network Media Group. https://www.bnionline.net/en/news/infant-dies-exposure-after-villagers-flee-fighting

၂၈။ "Fact Sheet: Reporting Myanmar 2019." http://reporting.unhcr.org/sites/default/files/UNHCR%20Myanmar%20Fact%20Sheet%20-%20September%202019.pdf

၂၉။ Nan Lwin Hnin Pwint, "Treading Lightly in Shan State: The Civilian Casualties of Myanmar's Landmines," 16 December 2019, The Irrawaddy. https://www.irrawaddy.com/features/treading-lightly-in-shan-state-the-civilian-casualties-of-myanmars-landmines.html

၃၀။ Ibid



*အသက်(၂၅)နှစ်အရွယ် မိုင်းအိုက်ထူး မြေမြှုပ်မိုင်းကြောင့် ဒဏ်ရာရရှိပုံ။ ဓါတ်ပုံ – TWO*

၂၀၀၃ ခုနှစ်တွင် မြေမြှုပ်မိုင်း အသုံးပြုမှု ပိတ်ပင်ရေး နိုင်ငံတကာ လှုံ့ဆော်မှုပြုလုပ်ကြသော်လည်း မြန်မာနိုင်ငံအနေဖြင့် မြေမြှုပ်မိုင်းအသုံးပြုမှု တားဆီးပိတ်ပင်ရေးကို လက်မခံပေ။ လွန်ခဲ့သည့်နှစ်က ကျင်းပခဲ့သည့် ၁၆ ကြိမ်မြောက် နိုင်ငံတော်အဆင့် မိုင်းအသုံးပြုမှု တားဆီးကာကွယ်ရေးစာချုပ် အစည်းအဝေးတွင် သံအမတ် ဦးစန်းလွင်က *"မြန်မာ့တပ်မတော်အနေနဲ့ ပြည်တွင်းပဋိပက္ခမှာ ပြည်သူတွေရဲ့ အသက် အိုးအိမ် စည်းစိမ်တွေကို ကာကွယ်စောင့်ရှောက်နေပြီး မြေမြှုပ်မိုင်းကိုလည်း အသုံးပြုမည်မဟုတ်"* ဟု ပြောဆိုခဲ့သည်။[၂၀] ပြောဆိုချက်နှင့် ကွဲလွဲစွာပင် မြေမြှုပ်မိုင်းကြောင့် အသက်ဆုံးရှုံးမှုများအပေါ် တာဝန်ယူမှုမရှိဘဲ ချစ်ခင်နှစ်သက်ရသူများ ဆုံးရှုံးသွားရသည့် မိသားစုဝင်များ၏ ဂုဏ်သိက္ခာအားလည်း စော်ကားလိုက်ခြင်းဖြစ်သည်။ စစ်ရှောင်ဒုက္ခသည်များနှင့် ဒုက္ခသည်များကယ်ဆယ်ရေးကွန်ရက် (RANIR) မှ ရိုက်ကူးသည့် မှတ်တမ်းတင် ရုပ်ရှင်တိုတွင် အပြစ်မဲ့ပြည်သူများ မြေမြှုပ်မိုင်းဒဏ်ကြောင့် ခံစားရသည့် စိန်ခေါ်မှုများကို မီးမောင်းထိုးပြထားသည်။[၂၁]

အရပ်သားများ မြေမြှုပ်မိုင်းကြောင့် သေဆုံး (သို့မဟုတ်) ဒဏ်ရာရမှုများနှင့် ပတ်သက်ပြီး ND-Burma အဖွဲ့ဝင် တအာင်းအမျိုးသမီးအစည်းရုံး (TWO) နှင့် တအာင်းကျောင်းသားနှင့် လူငယ်များအဖွဲ့ (TSYU) မှ မှတ်တမ်းတင်ထားသည့် ဖြစ်ရပ် ၁၉ ခုရှိသည်။[၂၂] တအာင်းဒေသတွင် အရပ်သားများအပေါ် မြေမြှုပ်မိုင်းဒဏ်နှင့် စစ်ပွဲအတွင်း အသုံးပြုသည့် လက်နက်များကြောင့် သက်ရောက်မှုကို ထုတ်ပြန်ချက်

၂၀။ "Pyithu Hluttaw hears answers to questions by relevant ministries," Global New Light of Myanmar, 13 September 2016. The deputy minister stated that the Tatmadaw used landmines to protect state-owned factories, bridges and power towers, and its outposts in military operations. The deputy minister also stated that landmines were removed when the military abandoned outposts, or warning signs were placed where landmines were planted and soldiers were not present.
၂၁။ TWO, Human Rights Bulletin, December 2019.
၂၂။ TSYU, Statement, January 2020. https://www.facebook.com/175246293133923/posts/490179294973953/

တရပ် ထုတ်ပြန်ပြီး မြန်မာ့တပ်မတော် သို့မဟုတ် မည်သည့်လက်နက်ကိုင် အဖွဲ့အစည်းမဆို မြေမြှုပ်မိုင်း အသုံးပြုခြင်းအပေါ် ရှုတ်ချခဲ့သည်။ ထုတ်ပြန်ချက်တွင် အရပ်သားများ စားဝတ်နေရေးအတွက် အလုပ်လုပ်ကိုင်နေစဉ် မိုင်းထိ၍ ထိခိုက်၊ သေဆုံးရသည့် ဖြစ်ရပ်များကိုလည်း မှတ်တမ်းပြုဖော်ပြထားသည်။[၃၄] ထို့အပြင် မြေမြှုပ်မိုင်းကြောင့် ထိခိုက် သေဆုံးရမှုများနှင့် ပတ်သက်၍ တာဝန်ရှိသူများအနေဖြင့်လည်း တာဝန်ယူ၊ တာဝန်ခံမှုများရှိစေရန်လည်း ၏ TSYU မှ တောင်းဆိုသည်။[၃၅]



*မိုင်ကြာအုန်း၊ အသက် ၂၆ နှစ်၊ မြေမြှုပ်မိုင်းကြောင့် အသက်ဆုံးရှုံးရသူ။*
*ဓါတ်ပုံ – TWO*

TWO ၏ နောက်ထပ် မှတ်တမ်းတခုတွင်လည်း ရှမ်းပြည်မြောက်ပိုင်း၊ ကျောက်မဲမြို့နယ် တော့စန်ကျေးရွာအုပ်စု၊ တောင် ပလို့ရွာမှ ရွာသား ၆ ဦးအား တွေ့ဆုံမေးမြန်းထားရာ ၎င်းတို့ သည် ၂၀၁၉ ခုနှစ် အောက်တိုဘာ လ ၈ ရက်နေ့တွင် လက် ဖက်ခြံရှင်းနေစဉ် လက်နက်ကြီးကျရောက်ပေါက်ကွဲရာ ၁ ဦး ပွဲချင်းပြီးသေဆုံးပြီး နောက် ၁ ဦး ဒဏ်ရာရသွားသည်။[၃၆]

တောင်ပလို့ ရွာသား ၁ ဦးမှ ပြောသည်မှာ “ သူတို့ ရွာကနေ လက်ဖက်ခြံ ရှင်းဖို့ သွားတယ်၊ ဒီမနက် ၉ နာရီလောက်ထင်တယ် အသံတစ်ချက်ကြားလိုက်ရတယ်၊ တစ်ယောက်က ပွဲချင်းပြီး သေသွားတယ်၊ တစ်ယောက်ကတော့ ကျောက်မဲဆေးရုံကို ပို့လိုက်ပြီ”။

သေဆုံးသူမှာ အသက် ၄၀ ဝန်းကျင်ရှိ ကိုဆာအေးဖြစ်ပြီး ဒဏ်ရာရရှိသူမှာ အသက် ၃၀ ကျော် ကိုပန်စံ ဖြစ်သည်။ ၎င်း ကိုပန်စံသည် ပါးစပ်၊ ရင်ဘတ်၊ ခြေထောက် နှစ်ဖက်နှင့် ဝမ်းဗိုက်တွင် ဒဏ်ရာအသီးသီး ရရှိကာ ဆေးကုသရန်အတွက် ဇီဝိတလူမှုကူညီရေးအသင်းကားဖြင့် ကျောက်မဲပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးသည်ဟု သိရသည်။ ကျန်သည့် ရွာသား ၄ ဦးမှာ ဘေးကင်းစွာရှိနေသည်ဟု ပြောသည်။[၃၇]

၃၄။ TSYU Statement, February 2020 https://www.facebook.com/451214215694715/posts/631236447692490/
၃၅။ TWO News Bulletin, December 2019.
၃၆။ Ibid
၃၇။ Ibid

ထို့အပြင် လွန်ခဲ့သည့် ဩဂုတ်လ ၂၀ ရက်နေ့တွင် မြန်မာ့တပ်မတော်သည် တောင်ပလို့ကျေးရွာမှ ကုန်းသာကျေးရွာသစ်အတွင်းသို့ လက်နက်ကြီးရမ်းသမ်း ပစ်ခတ်ခဲ့သောကြောင့် ကုန်းသာရွာသား ၂ ဦး ထိခိုက်ဒဏ်ရာရကာ၊ နေအိမ်နှစ်လုံးလည်း အနည်းငယ်ထိခိုက်ပျက်စီးခဲ့သည်။ ထိုဒေသတွင် မြန်မာ့တပ်မတော်၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်(TNLA) နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA) တို့ လှုပ်ရှားကြသည်။[၃၈]

မြေမြှုပ်မိုင်းကို အထူးသဖြင့် ရှမ်းပြည်မြောက်ပိုင်းတွင် အသုံးပြုကြပြီး အရပ်သားများ ထိခိုက်သေဆုံး၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများလည်း ထိခိုက်သည်။ မိုင်းများနှင့် ပတ်သက်ပြီး တပ်မတော်နှင့် EAOs နှစ်ဖက်လုံးမှ အငြင်းပွားကြပြီး တာဝန်ယူ တာဝန်ခံမှုလည်း မရှိပေ။

လူသားချင်းစာနာသည့် အကူအညီပေးရန်လည်း မြန်မာ့တပ်မတော်က တင်းတင်းကြပ်ကြပ် ပိတ်ဆို့ထားသည်။ TWO ၏ မှတ်တမ်းများအရ ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ် အိုမ်တမောဝ်း လူမှုကူညီရေးအဖွဲ့မှ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် စစ်ဘေးရှောင်ရွာသားများအတွက် လိုအပ်နေသည့် စားနပ်ရိက္ခာများ ကူညီပေးရန် သွားနေစဉ် မြန်မာ့တပ်မတော်မှ မိုင်းငေါ့တွင် ပေးမဖြတ်ပဲ တားဆီးပိတ်ပင်ခဲ့သည်။

*"မိုင်းငေါ့ စစ်တပ်က မပေးသွားဘူး အထက်က အမိန့်ပဲ စောင့်ခိုင်းနေတယ်။ မနက် ကိုးနာရီ ကနေ ညနေနှစ်နာရီအထိ ဘာမှလဲ အကြောင်းမပြန်ဘူး။ မိုးချုပ်တော့မယ်ဆိုတော့ ခွင့်ပြုမိန့်ရမယ်ဆို ရင်တောင် သွားဖို့ အဆင်မပြေတော့ဘူး၊ ဒါကြောင့် ကျောက်မဲဘက်ကို ပြန်လှည့်ခဲ့ရတယ်"* ဟု အိုမ်တမာဝ်း လူမှုကူညီရေးအသင်းက တာဝန်ရှိသူတစ်ဦးမှပြောသည်။[၃၉]

စစ်ရှောင်ရွာသားများအတွက် အစားအသောက်များ လိုအပ်နေကြောင်း ဖုန်းဆက်လာသဖြင့် ဆန်၊ ဆီ၊ ဆား၊ အားလူး၊ ငါးခြောက် စသော ဟင်းခြောက်များဝယ်ပြီး ထွေအုပ်ဌာနမှ တာဝန်ရှိသူများကို အသိပေးကာ သွားခဲ့သော်လည်း မိုင်းငေါ့တွင် စစ်တပ်က မပေးသွားသည့်အတွက် ပြန်လှည့်ခဲ့ရခြင်းဖြစ်သည်။

၃၈။ TWO Human Rights Bulletin, December 2019.
၃၉ ။ Ibid

ပန်နင်းနှင့် မန်ခေါက်ရွာအတွက် စားနပ်ရိက္ခာကို မိုင်းငေါ့တွင် ချန်ထားခဲ့ပြီး ရွာသားများကို လာယူရန် အကြောင်းကြားထားကာ ခြေကွဲနှင့် ကျောက်တောရွာအတွက် ရိက္ခာများကို ကျောက်မဲထိ ပြန်သယ်ယူခဲ့ရသည်။[၄၀]

## ကချင်ပြည်နယ်

မြန်မာ့တပ်မတော်၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် ကချင်လွတ်လပ်ရေးတပ်မတော်တို့အကြား အပစ် အခတ်ရပ်စဲရေး နှစ်ဖက်သဘောတူချက် ရရှိရန် ကြိုးပမ်းနေသော်လည်း လူသားချင်းစာနာသည့် အကူ အညီများ မရရှိသည့် ကချင် စစ်ရှောင်များ၏ လုံခြုံရေးမှာ စိုးရိမ်ဖွယ်ဖြစ်နေသည်။[၄၁] အစိုးရက စစ်ရှောင်စခန်း များ ပိတ်ပစ်မည့် အစီအစဉ်ကြောင့် ပိုမိုစိုးရိမ်နေကြသည်။ UNOCHA ၏ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့ စာရင်းများအရ ကချင်ပြည်နယ်တွင် စစ်ရှောင်စခန်း ၁၃၈ ခုရှိပြီး လူဦးရေ ၉၇,၈၀၆ ဦးရှိသည်။[၄၂] လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဦးဝင်းမြတ်အေးက မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး မြန်မာပြည်ရှိ သိန်းနှင့်ချီသည့် စစ်ရှောင်များအား ပြန်လည် နေရာချထား မည့် အစိုးရအစီအစဉ်အား ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် ရှင်းလင်းပြခဲ့သော်လည်း စစ်ရှောင် အများစုမှာ မည်သည့်အတွက်ကြောင့် ယခုအချိန်ထိ နေရပ်ရင်းမပြန်သေးသည်ကို ရှင်းလင်းစွာဖော်ပြနေသည်။[၄၃] စစ် ရှောင်စခန်းအားလုံးနှင့် စစ်ရှောင်ဒုက္ခသည် အားလုံးအပေါ် အာရုံစိုက်ရေးထားသည့် ဗျူဟာအား ဦးဝင်းမြတ် အေး ကိုင်စွဲထားခြင်းဖြစ်သည်။[၄၄] သို့သော်လည်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် တိုက်ပွဲများ များပြားလာသည့်အတွက် အဆိုပါဆုံးဖြတ်ချက်သည် အောက်ခြေအခြေအနေကို သိနားလည်ခြင်းမရှိပဲ စစ် ရှောင်များ၏ လိုအပ်ချက်များနှင့်လည်း ကိုက်ညီခြင်းမရှိဟု အကြံပြုကြသည်။ ရွာသားများမှာ နှစ်နှင့်ချီ ထွက် ပြေးကြရပြီး ၎င်းတို့အား စိုးစိမ့် တိုင်ပင်နှီးနှောခြင်းမရှိပဲ ၎င်းတို့ကိုယ်စား ဆုံးဖြတ်ချက်ချသည့် ညှိနှိုင်း ဆောင်ရွက်သူများနှင့် အလေးအနက် ယုံကြည်မှု တည်ဆောက်နေရသည်။

အစိုးရအနေဖြင့် ကချင်အရပ်ဖက်အဖွဲ့အစည်းများသို့မဟုတ် KIO အားစစ်ရှောင်များနေရပ်ရင်းပြန်မည့် အစီအစဉ်တွင် ပါဝင်အောင် မထည့်သွင်းနိုင်ခြင်း၏ ကြီးမားသည့် အကျိုးဆက်များဖြစ်သည်။ ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် မြန်မာ့တပ်မတော်မှ စစ်ရှောင်မိသားစုများအား ၎င်းတို့ နေရပ်ရင်း ကချင်ကျေးရွာသို့ ပို့

၄၀။ Ibid

၄၁။ Nyein Nyein, "Once Bitten, Twice Shy: Myanmar's Kachin IDPs Demand Ceasefire Before Returning Home," 13 November 2019, The Irrawaddy. https://www.irrawaddy.com/specials/bitten-twice-shy-myanmars-kachin-idps-demand-ceasefire-returning-home.html

၄၂။ Map: Myanmar: IDP sites in Kachin State United Nations Office for the Coordination of Humanitarian Affairs (UNOCHA), 29 August 2019. https://reliefweb.int/map/myanmar/myanmar-idp-sites-kachin-state-31-july-2019

၄၃။ John Grafilo, "Govt briefs UN on strategy to close IDPs," 2 December 2019, The Myanmar Times. https://www.mmtimes.com/news/govt-briefs-un-strategy-close-idps.htmlglobalnewlightofmyanmar.com/ministry-unveils-national-strategy-on-resettlement-of-idps-camp-closures/

၄၄။ Ministry unveils national strategy on resettlement of IDPs, camp closures," 27 December 2019, The Global New Light of Myanmar,. https://www.globalnewlightofmyanmar.com/ministry-unveils-national-strategy-on-resettlement-of-idps-camp-closures/

ဆောင်ခဲ့ရာ ယုံကြည်မှုပို၍ ကင်းမဲ့စေပြီး အသက်အန္တရာယ်ပိုစိုးရိမ်ရသည့် အခြေအနေကိုဖြစ်ပေါ်စေသည်။ ကချင်နှစ်ခြင်းခရစ်ယာန် ဥက္ကဋ္ဌ သိက္ခာတော်ရ ဆရာတော် ခလမ်ဆမ်ဆွန် က *"နေရပ်ရင်းပြန်သွားသူတွေ အနေနဲ့ အခက်အခဲတွေနဲ့ ရင်ဆိုင်နေရတယ်၊ အကူအညီပေးရေးအဖွဲ့တွေထံကနေ လူသားချင်းစာနာတဲ့ အကူအညီတွေ မရတဲ့အတွက်ဖြစ်ပြီး အစိုးရဆီက အထောက်အပံ့အနည်းငယ်သာ ရတဲ့အတွက် ဖြစ်တယ်"* ဟု ပြောဆိုသည်။[၄၅] KIO နှင့် မြန်မာ့တပ်မတော်တို့အကြား တင်းမာမှုများ မြင့်မားလာတိုင်း အရပ်သားများမှာ အဆုံးစွန်ဆုံး ပေးဆပ်ကြရသည်။ ညှိနှိုင်းဆွေးနွေးမှုများ မအောင်မမြင်ဖြစ်သည့်အခါ အရပ်သားများမှာ အဆိုးဆုံးအခြအနေအောက်တွင် စနစ်တကျ ပစ်မှတ်ထား၊ ချိုးဖောက် အပြစ်ပေးခံကြရသည်။ တာဝန်ယူ၊ တာဝန်ခံမှု အတိုင်းအတာကို လက်လှမ်းမမီသည့်အတွက် ကချင်ပြည်နယ်သည် မတည်မငြိမ်ဖြစ်လျှက် ရှိသည်။

အရပ်သားများနေထိုင်ရာ နေရာများသို့ လေယဉ်ဖြင့်ဗုံးကြဲခြင်းနှင့် လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကို KWAT မှ မှတ်တမ်းတင်ထားသည်။ ၂၀၁၉ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့ မနက် ၉ နာရီနှင့် ၁၀ နာရီကြားတွင် မူဆယ်လမ်းမကြီးရှိ ကွတ်ခိုင်မြောက်ပိုင်း ၈ မိုင်အကွာ ဟွေ့နောင်ရွာအနီးသို့ ဟယ်လီကော်ပတာ ၂ စီး ပျံသန်း၍ ဗုံး ၃ လုံး ရွာအတွင်း ကြဲချခဲ့ရာ လဗျားလဒီ၏ အိမ်နှင့် လယ်ပျက်စီးသွားသည်။ အကယ်၍ မြေပြင်တိုက်ပွဲဖြစ်ပါက သူတို့အနေဖြင့် အနီးရှိတောအုပ်ထဲ ထွက်ပြေးပုန်းအောင်းနိုင်သော်လည်း ဟယ်လီကော်ပတာဖြင့် ဗုံးကြဲပါက မည်သို့ ပုန်းရှောင်ရမည်ကို မသိဟု ပြောဆိုသည်။ ဟွေ့နောင်ကျေးရွာတွင် အိမ် ခြေ၅၀ ရှိပြီး လူဦးရေ ၁၇၀ ကျော်နေထိုင်သည်။[၄၆]

## မွန်ပြည်နယ်

၂၀၁၉ ခုနှစ် နိုဝင်ဘာလကုန်တွင် မြန်မာ့တပ်မတော်မှ မွန်အခြေစိုက်စခန်းတခုကို သိမ်းပိုက်လိုက်သည့်အတွက် မွန်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (MNLA) နှင့် တိုက်ပွဲများဖြစ်ပွားသည်။ ကရင်နယ်ခြားစောင့်တပ်နှင့်ပါ တိုက်ပွဲဖြစ်ပွားသည်။[၄၇] မြန်မာ့တပ်မတော် စစ်သားများက ဂျပန်ရေတွင်း စခန်းအနီးရှိ အိမ်နှစ်လုံးအား အစိုးရပိုင်နယ်မြေအဖြစ် သတ်မှတ်လိုက်၍ တိုက်ပွဲများစတင်ဖြစ်ပွားသည်။ နှစ်ဖက်ညှိနှိုင်းဆွေးနွေးပြီးနောက် တိုက်ပွဲများ ယာယီရပ်တန့်သွားသည်။[၄၈] ရွာသားများမှာ ထိတ်လန့်ကြောက်ရွံ့ကြပြီး ရွာပြန်ရန် ဝန်လေးနေကြသည့်အတွက် ထိုင်းအာဏာပိုင်များ စီစဉ်ပေးသည့် ယာယီခိုလှုံရာစခန်းများတွင် နေထိုင်ကြ

၄၅။ Ibid
၄၆။ "No Justice for Ongoing Burma Army Crimes in northern Shan State,",7 January 2020, Kachin Women's Association Thailand https://kachinwomen.com/no-justice-for-ongoing-burma-army-crimes-in-northern-shan-state-briefing-paper-by-the-kachin-womens-association-thailand/?fbclid=IwAR2ViWjHcexfqx_ofBfKNBmhjVmvGR107srZ5cdRJCJIivlLv3DBlm4L1lU
၄၇။ "300 Mon cross border to flee fighting in Myanmar," 27 November 2019, Bangkok Post. https://www.bangkokpost.com/thailand/general/1803379/300-mon-cross-border-to-flee-fighting-in-myanmar
၄၈။ Piyarat Chongcharoen, "Mon civilians continue to flee fighting in Myanmar," 28 November 2019, Bangkok Post. https://www.bangkokpost.com/thailand/general/1804114/mon-civilians-continue-to-flee-fighting-in-myanmar

သည်။ မြန်မာ့တပ်မတော်မှ MNLA ၏ အခြေစိုက်စခန်းမှ ဆုတ်ခွာသွားသော်လည်း MNLA.၏ ကင်းစခန်းကို သိမ်းပိုက်ထားသည်။ တိုက်ပွဲကြောင့် မွန်တိုင်းရင်းသား ၁၀၀၀ ခန့် ထိုင်းနိုင်ငံသို့ ထွက်ပြေးခိုလှုံရသည်။

## NLD အစိုးရလက်အောက် ငြင်းဆိုခံနေရသည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် စုဝေးခွင့်

NLDအစိုးရလက်အောက်တွင်လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်မှာဆက်လက်၍ငြင်းဆိုခံနေရသည်။ အဖွဲ့အစည်းများ၊ စစ်မှုထမ်းဟောင်းများအပါအဝင် တက်ကြွလှုပ်ရှားသူများနှင့် အရပ်သားပြည်သူများမှာ သဘောထားကွဲလွဲမှုအတွက် ပစ်မှတ်ထားခြင်းခံနေရသည်။

စစ်တပ်အား ဝေဘန်ပြောဆိုသည့် တက်ကြွလှုပ်ရှားသူ လူငယ်များမှာလည်း လွန်ခဲ့သည့် ၆ လအတွင်း ပြစ်ဒဏ်အများအပြားချမှတ်ခံရသည်။ ထင်ရှားသည့် ဖြစ်ရပ်တခုမှာ ကယားပြည်နယ် ဝန်ကြီးချုပ်အား “သစ္စာဖောက်” “နိုင်ငံရေး ရာဇဝတ်ကောင်” ဟု ထုတ်ပြန်ချက်တွင် ထည့်သွင်းရေးသားခဲ့သဖြင့် ကရင်နီ လူငယ် ၆ ဦးအား ပုဒ်မ ၈ (ဃ)၊ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်ခွင့်နှင့် လုံခြုံမှုကို ကာကွယ်ပေးသည့် ဥပဒေအရအလုပ်ကြမ်းနှင့်ထောင်ဒဏ်၆လချမှတ်ခဲ့သည်။[၄၉] ထုတ်ပြန်ချက်မှာကရင်နီပြည်သူလူထု၏တောင်းဆိုချက်ကို လျစ်လျူရှုပြီး ဗိုလ်ချုပ်အောင်ဆန်းရုပ်တု စိုက်ထူရန် ကြိုးပမ်းသည့် ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်ရှိုးနှင့် အခြားဝန်ကြီးတဦးဖြစ်သူ ဦးမြမောင်တို့အား တုန့်ပြန်ခဲ့ခြင်းဖြစ်သည်။



*ခူရီဒူ၊ ဒီးဒီးနှင့်ခူကူးလေး ကေ စီရင်ချက်ကြားနာပြီး နောက် တရားရုံးမှထွက် လာစဉ်။ ဓါတ်ပုံ-စိုင်းဇော်*

၄၉။ Zaw Zaw Htwe, “Karenni Youth Jailed for Calling Govt Officials Criminals, Enemies of Ethnic Unity,” 7 November 2019, The Irrawaddy. https://www.irrawaddy.com/news/burma/karenni-youth-jailed-calling-govt-officials-criminals-enemies-ethnic-unity.html

အများစုက ဗိုလ်ချုပ်ရုပ်ထုစိုက်ထူရန် ဆန့်ကျင်ကြခြင်းမှာ ကရင်နီပြနည်နယ်တွင် ကိုယ်ပိုင်သမိုင်းကြောင်း၊ ဘာသာစကား၊ ယဉ်ကျေးမှုနှင့် သူရဲကောင်းစသဖြင့်ရှိပြီး ၎င်းတို့၏ သူရဲကောင်းရုပ်ထုကိုသာ စိုက်ထူလိုကြသည်။ ဗိုလ်ချုပ်ရုပ်ထု စိုက်ထူမှုကို ကန့်ကွက်ဆန့်ကျင်သည့် ကရင်နီလူငယ်များအား ရဲမှ အကြမ်းဖက်ဖမ်းဆီးခြင်း၊ ရာဘာကျည်၊ မျက်ရည်ယိုဗုံးတို့ဖြင့် ပစ်ခတ်ဖြိုခွဲခဲ့သည်။[၅၀] ဆန္ဒပြသူများအား ပြစ်ဒဏ်ချမှတ်ပြီး သုံးပတ်အကြာမှာပင် ပြည်နယ်အစိုးရက နောက်ထပ်ကြီးလေးသည့် အပြစ်ပေးရန် တောင်းဆိုခဲ့သော်လည်း လွိုင်ကော်ခရိုင်တရားရုံးက ဒီဇင်ဘာလတွင် ပယ်ချခဲ့သည်။[၅၁] အလားတူစွာပင် ချင်းပြည်နယ်ရှိ လူထုမှလည်း ပြည်နယ်အစိုးရ၏ ဗိုလ်ချုပ်အောင်ဆန်းရုပ်ထု စိုက်ထူရန်ကြိုးပမ်းမှုကို ကန့်ကွက်ပြီး၊ ရုပ်ထုစိုက်ထူမှုသည် အဓိပ္ပါယ်မဲ့ပြီး တိုင်းရင်းသားဒေသများတွင် မတည်ငြိမ်မှုနှင့် ပဋိပက္ခများသာ ဖြစ်ပွားစေသည်ဟု ပြောဆိုကြသည်။[၅၂]

တိုင်းရင်းသားများ၏ ရိုးရာထိန်းသိမ်းရန် ကြိုးပမ်းမှုများမှာလည်း မြန်မာအာဏာပိုင်များ၏ ဆန့်ကျင်မှုနှင့် ဥပဒေအရ အရေးယူမှုများနှင့် ကြုံတွေ့ကြရသည်။ ထင်ရှားသည့်ဖြစ်ရပ်မှာ ကရင်တက်ကြွလှုပ်ရှားသူများ က ကရင့်အာဇာနည်နေ့ ကျင်းပရန် လှုပ်ရှားမှုဖြစ်သည်။ မြန်မာအစိုးရက အခမ်းအနားကျင်းပရန် စီစဥ်သူ များကို ကရင့်တော်လှန်ရေးခေါင်းဆောင် စောဘဦးကြီးအား “အာဇာနည်” ဟု ရည်ညွှန်း မသုံးစွဲရန် တားမြစ်ခဲ့သည်။[၅၃] အစိုးရ၏ တောင်းဆိုမှုကို မလိုက်နာပဲ အာဇာနည်ဟု သုံးစွဲခဲ့သည့် ကရင်တက်ကြွလှုပ်ရှားသူ သုံး ဦးကို ဖမ်းဆီးခဲ့သည်။ ထိုသို့ ပြုလုပ်မှုကြောင့် ၎င်းတို့၏ သမိုင်းကြောင်းကို NLD အစိုးရက အသိအမှတ်မပြု ဟု ခံစားရသည့် ကရင်အသိုင်းအဝိုင်း၏ ချက်ခြင်းတုန့်ပြန်မှုကို ကြုံတွေ့ရသည်။ ထို့ကြောင့် ကရင့်အမျိုး သားအစည်းအရုံး (KNU) နှင့် NLD ကြားဆက်ဆံရေးကိုလည်း –ထိခိုက်စေသည်။

ခြစားပျက်စီးနေသည့် တရားရေးစနစ်ကို သရော်သည့်အနေဖြင့် မြစ်ကြီးနား တရားရုံးတွင် တရားသူကြီးအား ချိန်ခွင်ပျက်တခုပေးခဲ့သည့် ကချင်လူငယ် “ချိန်ခွင်ပေါလု” အကျဉ်းထောင်မှ လွတ်မြောက်ခဲ့သည်။ တကျော့ပြန် ကချင်စစ်ပွဲ ၈ နှစ်ပြည့် အထိမ်းအမှတ်ပွဲစီစဉ်မှုဖြင့် သူ့အား ထောင်ဒဏ် ၁၆ ရက် ချမှတ်ခဲ့ပြီး တရားသူကြီးအား ချိန်ခွင်ပျက်ပေးမှုဖြင့် သူ့အား ထောင်ဒဏ် တိုးမြှင့်ခဲ့သည်။[၅၄]

---

၅၀။ Zaw Zaw Htwe, “Karenni Youth Jailed for Calling Govt Officials Criminals, ”Enemies of Ethnic Unity,” November 2019, The Irrawaddy. https://www.irrawaddy.com/news/burma/karenni-youth-jailed-calling-govt-officials-criminals-enemies-ethnic-unity.html

၅၁။ Zaw Zaw Htwe, “State Govt Seeks Harsher Sentence for Karenni Youth on Gen. Aung San Statue Issue,” 29 November 2019, The Irrawaddy. https://www.irrawaddy.com/news/burma/state-govt-seeks-harsher-sentence-karenni-youth-gen-aung-san-statue-issue.html

၅၂။ “Plan to Build Statue of Myanmar Independence Leader Angers Chin Ethnic Group,” 17 October 2019, Radio Free Asia. https://www.rfa.org/english/news/myanmar/plan-to-build-statue-10172019174239.html

၅၃။ Nyein Nyein, “Myanmar Govt Again Bans Use of ‘Martyr’ to Mark Karen Revolutionary’s Death,” 9 September 2019, The Irrawaddy. https://www.irrawaddy.com/news/burma/myanmar-govt-bans-use-martyr-mark-karen-revolutionarys-death.html

၅၄။ Elizabeth Jangma, Paul Eckert, Ye Kaung Mying Maung, “Myanmar Court Adds 3 Months to Kachin Youth’s Sentence Over Protest,” 6 September 2019, Radio Free Asia. https://www.rfa.org/english/news/myanmar/judge-scale-09062019172833.html




*ဒေါင်းတို့မျိုးဆက်အဖွဲ့ ခေါင်းဆောင် ဇေယျာလွင်သည်၊ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်၊ ဗိုလ်တစ်ထောင်မြို့နယ်တရားရုံးတွင် စီရင်ချက်ချခံခဲ့ရပုံ။ ဓါတ်ပုံ – RFA*

ဒေါင်းတို့မျိုးဆက် သံချပ်အဖွဲ့ဝင်များအား လူမှုစာမျက်နှာပေါ်တွင် အသရေဖျက်မှုဖြင့် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ)၊ အာဏာပိုင်များ အား သရော်သည့် သံချပ်တိုင်မှုဖြင့် ပုဒ်မ ၅၀၅ (က) အရ ပြစ်ဒဏ်များ ချမှတ်ခဲ့သည်။ လူငယ်များ၏စာတွင် ၎င်းတို့အား လွှတ်ပေးခဲ့သော်လည်း ၎င်းတို့ အမှုကို ဆက်လက် စောင့်ကြည့် စိစစ်နေဆဲဟု ဖော်ပြခဲ့သည်။ *“ကျနော်တို့ အားနည်းချက်ရှိနေတဲ့ စနစ်ကို နည်းပေါင်းစုံနဲ့ ဆက်လက်ပြီး ဝေဘန်၊ ထောက်ပြနေဦးမှာပဲ။ ဘာလိုလဲဆိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးက ကျနော်တို့အတွက် အရေးကြီးပါတယ်။ စစ်တပ်အနေနဲ့ နိုင်ငံရေးက ထွက်သွားမှသာ စစ်မှန်တဲ့ ဒီမိုကရေစီကို ရရှိမှာဖြစ်တယ်[၅၅]”* လို့လည်း ဖော်ပြထားသည်။ သံချပ်အဖွဲ့၏ အကျိုးဆောင်ရှေ့နေ မြန်မာနိုင်ငံ၏ တရားစီရင်ရေးစနစ်ကို ဆန့်ကျင်သည့်အနေဖြင့် အမှုကိုလိုက်ပါဆောင်ရွက်မှုမှ ရုပ်သိမ်းခဲ့သည်။[၅၆] AAPP ၏ အဆိုအရ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်အတွက် မယိမ်းမယိုင် တိုက်ပွဲဝင်နေသည့် ဒေါင်းတို့မျိုးဆက်အဖွဲ့က ထိုသို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

သတင်းစာလွတ်လပ်ခွင့်ကိုထိပါးစေသည့်စွဲချက်များမှသတင်းသမားများမှာလည်းရှောင်လွဲ၍မလွတ်ခဲ့ပေ။ ဧရာဝတီသတင်းဌာနမှ အကြီးတန်းသတင်းထောက်အား သူရေးသားခဲ့သည့် ရခိုင်ပြည်နယ်အတွင်းရှိ မြန်မာနှင့် နိုင်ငံခြား အစုရှယ်ယာရှင်တို့၏ အငြင်းပွားဖွယ်ရာ ဟိုတယ်လုပ်ငန်းရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်ပြီး အသရေဖျက်မှုဖြင့် တရားစွဲခံရသည်။[၅၇] မြန်မာနောင်း အယ်ဒီတာ ကိုဆွေဝင်းမှာလည်း အမျိုးသားရေးအစွန်းရောက် ဘုန်းကြီး ဦးဝီရသူအား အသရေဖျက်သည့် မှတ်ချက်များ ဖေ့စ်ဘုတ် လူမှုစာမျက်နှာပေါ်တွင်ရေးသား သည်ဟုဆိုကာ အမျိုးသားရေးလှုပ်ရှားသူ ဦးကျော်မျိုးရွှေက ၂၀၁၇ ခုနှစ်တွင် ဆက်သွယ်ရေး ပုဒ်မ ၆၆ (ဃ) ဖြင့် တရားစွဲခဲ့သည်။ တရားစွဲမှုကို ရုပ်သိမ်းရန်တင်ပြမှုကို ဩဂုတ်လကုန်တွင် ကြားနာခဲ့သည်။ လူသိများ ထင်ရှားသည့် ဒါရိုက်တာတဦးဖြစ်ပြီး လူ့အခွင့်အရေး လူ့ဂုဏ်သိက္ခာရုပ်ရှင်ပွဲတော် ထူထောင်သူ

၅၅။ CIVICUS, “Letter from Jail: Members of poetry troupe in Myanmar,” 15 November 2019, Letter from Zeyar Lwin and Paing Ye Thu members of the Peacock Generation in Myanmar. https://www.civicus.org/index.php/media-resources/news/interviews/4168-letter-from-jail-members-of-poetry-troupe-in-myanmar

၅၆။ Tint Zaw Tun, “Lawyer for street performers Peacock Generation withdraws from cases,” 19 December 2019, The Myanmar Times. https://www.mmtimes.com/news/lawyer-street-performers-peacock-generation-withdraws-cases.html

၅၇။ “The Irrawaddy Senior Reporter Sued Under Myanmar Telecommunications Law,” 30 August 2019. https://www.irrawaddy.com/news/burma/irrawaddy-senior-reported-sued-myanmar-telecommunications-law.html

ဦးမင်းထင်ကိုကိုကြီးအားလည်း လူမှုကွန်ရက် စာမျက်နှာပေါ်တွင် စစ်တပ်အား အသရေဖျက်သည့် ပို့စ်တင်သည်ဟုဆိုကာ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ အရာရှိတဦးက တရားစွဲပြီးနောက် ထောင်ဒဏ် တနှစ် ချမှတ်ခံရသည်။[၅၈]

ဗိုလ်ကြီးဟောင်းနေမျိုးဇင်မှာလည်းစစ်တပ်ခေါင်းဆောင်များအားတာဝန်ယူ၊တာဝန်ခံမှုကိုလျစ်လျူရှုနေ သည်ဟု စွပ်စွဲသဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၅၀၅ (က) အရ ထောင်ဒဏ် တနှစ်ချမှတ်ခဲ့သည်။[၅၉] တရားရင်ဆိုင်နေစဉ် ဦးနေမျိုးဇင်က *"လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုနဲ့ အဖမ်းခံရတာ ကျနော်နောက်ဆုံးပဲ ဖြစ်ချင်ပါတယ်။ နောက်ထပ်လူတွေ အဖမ်းမခံရအောင် ကြိုးပမ်းသွားပါမယ်[၆၀]"* ဟု ပြောဆိုခဲ့သည်။

ယခုအစီရင်ခံသည့် ကာလအတွင်း AAPP ၏ လစဉ်မှတ်တမ်းအရ "တက်ကြွလှုပ်ရှားသူများနှင့် အရပ်သား ပြည်သူများမှာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုသည့်အတွက် ဆက်လက်ဖိနှိပ်ခံနေရသည်" ဟု ဖော်ပြထားသည်။ ဒီမိုကရေစီအား မျှော်မှန်းချက်အရ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကာကွယ်ပေးရမည်ဟု ရှင်းလင်းစွာဖော်ပြထားသည်။ AAPP မှ ထပ်မံပြောဆိုရာတွင် "မြန်မာနိုင်ငံသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း ၃၅၄ (က) ကို လေးစား၊ လိုက်နာမှုမရှိသည့်အတွက်၊ နိုင်ငံတကာစံချိန်များနှင့်အညီ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို လက်လှမ်းမီရန် ဝေးကွာနေဦးမည်ဖြစ်သည်"[၆၁]။ ထို့အပြင် အစိုးရအနေဖြင့် နိုင်ငံတကာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးစာချုပ် (ICCPR) အားလည်း လက်မှတ်ထိုးရန် လိုအပ်နေသည်။[၆၂] အစိုးရအနေဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို မြှင့်တင်ပေးရန်နှင့် ပြည်တွင်းနှင့် နိုင်ငံတကာ ဥပဒေစံနှုန်းများနှင့်အညီ အခြေခံလူ့အခွင့်အရေးများကိုလည်း ထိန်းသိမ်းသင့်သည်ဟု AAPP မှ တိုက်တွန်းထားသည်။[၆၃]

စစ်တပ်မှ ပစ်မှတ်ထားခံရသည့် တက်ကြွလှုပ်ရှားသူများအား တရားစွဲဆိုခြင်းမှ ကာကွယ်ပေးခြင်း သို့မဟုတ် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ထောက်ခံရန် NLD အနေဖြင့် ပျက်ကွက်နေသည်။

၅၈။ Khin Moh Moh Lwin, "Filmmaker Gets A Year in Prison For Anti-Military Facebook Posts", 29 August 2019, Myanmar Now. https://myanmar-now.org/en/news/filmmaker-gets-a-year-in-prison-for-anti-military-facebook-posts
၅၉။ Htet Khaung Lin, "Yangon Court Jails Former Myanmar Army Officer for Criticizing Commanders," 20 September 2019, The Irrawaddy. https://www.irrawaddy.com/news/burma/yangon-court-jails-former-myanmar-army-officer-criticizing-commanders.html
၆၀။ Ibid
၆၁။ See Article 354(a) of the 2008 Constitution: Every citizen shall be at liberty in the exercise of the following rights, if not contrary to the laws, enacted for Union security, prevalence of law and order, community peace and tranquility or public order and morality: (a) to express and publish freely their convictions and opinions; https://www.burmalibrary.org/docs5/Myanmar_Constitution-2008-en.pdf
၆၂။ See: International Covenant on Civil and Political Rights https://www.ohchr.org/Documents/ProfessionalInterest/ccpr.pdf
၆၃။ AAPP, 'December in Review 2019,' https://aappb.org/2020/01/aapps-monthly-chronology-of-december-2019-and-current-political-prisoners-list/

## အဓမ္မမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု။ လူသိများသည့် “ဗစ်တိုးရီးယား” ကလေးအဓမ္မမှု

တရားရေးစနစ်ပျက်ယွင်းနေပြီး ဗစ်တိုးရီးယားကဲ့သို့ ကလေးအဓမ္မမှုကို သတင်းမီဒီယာများမှတဆင့် အနီးကပ်စောင့်ကြည့်နေကြသည်။အဆိုပါအမှုကြောင့်လူထုမှတရားမျှတမှုနှင့်ကလေးအဓမ္မပြုကျင့်သူများအပေါ် ကြီးလေးသည့် ပြစ်ဒဏ်စီရင်ရန် တောင်းဆိုမှုကြီးထွားလာသည်ကို တွေ့ရသည်။[၆၄] အမှုကျူးလွန်သည် ဟု ယုံကြည်ရသည့် တရားခံကို အကာအကွယ်ပေးရန်အတွက် အပြစ်ကျူးလွန်သည်ဟုဆိုကာ နောက်တဦးအား စွပ်စွဲ ခားစာခံလုပ်သည်ဟုလည်း အတော်များများက ပြောဆိုကြသည်။ မြန်မာနိုင်ငံအနေဖြင့် ကလေးအခွင့်အရေးစာချုပ် (CRC) ကို လက်မှတ်ထိုးထားသည့်အတွက် ဥပဒေကြောင်းအရရော ကျင့်ဝတ်အရပါ ကလေးများကို ကာကွယ်ရန် တာဝန်ရှိသော်လည်း ဥပဒေအား အာဏာရှိသူများကို အကာအကွယ်ပေးရန် အသုံးပြုနေသည်။

ဗစ်တိုးရီးယားအမှုမှတဆင့် အာဏာပိုင် အတော်များများတွင် ကျား၊ မ ဆိုင်ရာ အကဲဆတ်သည့် အခြေအနေအပေါ် နားလည်မှု နည်းပါးသည်ကို ကြားနာစစ်ဆေးမှုများတွင် တွေ့ရသည်။ အစိုးရ သို့မဟုတ် အစိုးရမဟုတ်သည့်လူပုဂ္ဂိုလ်များမှကျူးလွန်သည့်အဓမ္မမှုနှင့်လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရသူအမျိုးသမီးနှင့် မိန်းကလေးငယ် များမှာ ဖိုဝါဒကြီးစိုးသည့် အမြင်နှင့် သဘောထားများကြောင့် အရှက်တကွဲဖြစ်ကြရသည်။ ဖြစ်ရပ်အတော် များများတွင် ကျူးလွန်ခံရသူးမှာ လူ့အသိုင်းအဝိုင်း၏ ဖယ်ကြဉ်ခြင်းခံသည့်အတွက် ဝန်ထုတ်ဝန်ပိုးကို ခါးစည်းခံကြရသည်။ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ကုစားသည့် ဝန်ဆောင်မှုများလည်း မရှိသည့်အတွက် ကျူးလွန်ခံရသူများ စိတ်ဒဏ်ရာ ပိုမိုခံစားကြရသည်။ တိုင်းရင်းသားဒေသများတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို အသုံးပြုခြင်းဖြင့် နောက်ဆက်တွဲ အကျိုးဆက်များကြုံရသည်။ တရားဥပဒေစိုးမိုးမှု အားနည်းခြင်းကြောင့် ကျူးလွန်ခံရသူများ လိုချင်သည့် ကျူးလွန်သူများအား ဖမ်းဆီးအရေးယူရေးမှာ အခက်အခဲ ဖြစ်ရသည်။ ကျေးလက်ဒေသများတွင် မစို့မပို့ လျော်ကြေးအနည်းငယ်ပေးခြင်း၊ ဓလေ့ထုံးတန်းများဖြင့် ကြားဝင်စေ့စပ်ခြင်းဖြင့်သာ တရားမျှတမှုကို ဖြေရှင်းကြသည်။ ထိုသို့ဖြေရှင်းမှုကြောင့် အပြစ်ကို ပေါ့လျော့စေပြီး အပြစ်ကျူး လွန် သူများအား ထပ်မံကျူးလွန်စေရန် ဖြစ်စေသည်။

၆၄။ Al Jazeera, “Hundreds protest in Myanmar over two-year-old Victoria rape case,” 6 July 2019. https://www.aljazeera.com/news/2019/07/hundreds-protest-myanmar-year-victoria-rape-case-190706153150601.html

မြန်မာနိုင်ငံသည် အမျိုးသမီးများအပေါ် ခွဲခြားဆန့်ကျင်မှုကို တိုက်ဖျက်ရေး (CEDAW) အဖွဲ့ဝင်နိုင်ငံဖြစ်သည်။ ကတိကဝတ်နှင့် တာဝန်ရှိသော်လည်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများသည် အထူးသဖြင့် ပဋိပက္ခဒေသများတွင် အများအပြားဖြစ်ပွားနေသည်။ CEDAW စာချုပ်တွင် မြန်မာနိုင်ငံအနေဖြင့် လိင်ပိုင်း ဆိုင်ရာနှင့် ကျား-မအခြေပြု အကြမ်းဖက်မှုများ မဖြစ်ပွားစေရန်နှင့် ဖြစ်ပွားပါကလည်း ရိုးသားစွာ စုံစမ်းစစ်ဆေးရန် ရှင်းလင်းစွာ ဖော်ပြထားသည်။ ထို့အပြင် အရိုးစွဲနေသည့် ယဉ်ကျေးမှုနှင့် ဖိုဝါဒကြီးစိုးမှုတို့ကြောင့် ကျူးလွန်ခံရသူများ ဥပဒေအရ ဆောင်ရွက်နိုင်ရန် အခက်အခဲဖြစ်စေသည်။ ကျူးလွန်ခံရသူအား အပြစ်တင်ခြင်းကလည်း နေရာအနှံ့ဖြစ်နေသည့် ပြဿနာ၏ နောက်ခံအခြေအနေကို ဆန့်ကျင်နေသည်။ မည်သည့် လိင်ပိုင်းဆိုင်ရာ သို့မဟုတ် ကျား၊ မ အခြေပြု အကြမ်းဖက်မှုမျိုးမဆို ရေရှည် ကြီးမားသည့် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုကို ဖြစ်ပေါ်စေသည်။

# ဖြစ်ရပ်မှန်များ

## ဖြစ်ရပ် ၁။ ၂၀၁၉ အောက်တိုဘာ ၂၀ ရက်တွင် ဆရာတော်တပါး အမည်မသိလက်နက်ကိုင်အဖွဲ့၏ သတ်ဖြတ်ခံရခြင်း (TWO)

ရှမ်းပြည်မြောက်ပိုင်း လားရှိုးခရိုင် လားရှိုးမြို့နယ် ခေနင်းကျေးရွာ ဘုန်းကြီးကျောင်းတွင် ကျောင်းထိုင်သီတင်းသုံးနေသည့် ဆရာတော် အရှင်ပညာဇောတကို အမည်မသိ လက်နက်ကိုင် လူငယ်နှစ်ဦးမှ အောက်တိုဘာလ ၂၀ ရက် ၂၀၁၉ ခုနှစ် ညနေ ၆ နာရီခွဲကျော်ခန့်တွင် ဘုန်းကြီးကျောင်း လှေခါးထစ် အနီးတွင် လာရောက်ပစ်ခတ်ခြင်းကြောင့် ထိုနေရာတွင် ပျံလွန်တော်မူခဲ့သည်။

ဒေသခံတစ်ဦးမှ *“ ဘုန်းကြီး အသတ်မခံရခင် မနက်ပိုင်းမှာ လားရှိုးမြို့က ကျောင်းဒကာ ဒကာမတွေ စုပေါင်းပြီး ဝါကျွတ်ကန်တော့ပွဲ အလှူလာလုပ်ကြတယ်။ ညနေ၄ နာရီကျော်လောက်မှ ပြန်သွားကြတယ်။ ဘုန်းကြီးက ည ၆ နာရီခွဲကျော်လောက်မှာ လှေကားထစ် ခြေရင်းမှာ သေနတ်နဲ့ ပစ်သတ်ခံရတယ်”* ဟုပြောသည်။

## ဖြစ်ရပ် ၂။ ၂၀၁၉ မေလ ၂၄ ရက်တွင် ဘော်ဒါဆောင်အား ဝင်ရောက်စီးနင်း ဖျက်စီးသွားခြင်း (TWO)

ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ် တအာင်းပရဟိတပညာရေးဘော်ဒါဆောင် TEC ကျောင်းကို မြန်မာ့တပ်မတော် တပ်မ (၉၉)မှ ၂၄ ရက် ညနေပိုင်း ၄ နာရီခွဲအချိန်တွင် ပါဂျက်ရိ ကားနှင့်ရောက်လာပြီး ဘော်ဒါဆောင်အတွင်း ဝင်ရောက်မွှေနှောက်ကာ တာဝန်ကျကျောင်းဆရာနှစ်ဦးကို ထိန်းသိမ်းစစ် ဆေးမေး မြန်းခဲ့သည်။

ဘော်ဒါဆောင်တွင် တာဝန်ရှိကျောင်းဆရာ တစ်ဦးပြောပြချက်အရ *“ကျောင်းဆရာနှစ်ယောက်က ဘော်ဒါဆောင်ပြန်ကြည့်တဲ့အချိန် ဗမာစစ်သားတွေက အဆောင်ထဲမှာ ပစ္စည်းတွေ မွှေနှောက်နေတယ်၊ သူတို့နှစ်ယောက်ရောက်လာတော့ သူတို့နှစ်ယောက်ကို ထိန်းချုပ်ပြီး စစ်ဆေးမေးမြန်းတယ်၊ ဖမ်းခံရတဲ့ ဆရာတစ်ယောက်က ကျနော်ဆီ ဖုန်းဆက်ပြီး ဖမ်းခံရတဲ့ အကြောင်းပြောပြတယ်”* ဟုပြောသည်။

စစ်ဆေးမေးမြန်းခံရသည့် ကျောင်းဆရာနှစ်ဦးကို တအာင်းစာပေယဉ်ကျေးမှု ဥက္ကဋ္ဌ နှင့် ဂရုဏာ လူမှုကူညီရေးအသင်းအဖွဲ့တို့ သွားရောက် ထောက်ခံပေးပြီးနောက် ပြန်လွှတ်ပေးခဲ့သည်။

*"ဘာပစ္စည်းတွေ ပျောက်သွားလဲဆိုတာ သေချာ မသိရသေးဘူး၊ ပစ္စည်းတွေလဲ ပြန်မစစ်နိုင်သေးဘူး၊ တိုက်ပွဲကလည်း နေ့တိုင်းဆက်တိုက်ဖြစ်နေတော့ ကျနော်တို့ဘာဒ်ါဆောင်က မလုံခြုံတဲ့အတွက်ကြောင့် ကွတ်ခိုင်မြို့ တစ်နေရာမှာ ခိုလှုံနေရတယ် "*ဟု ကျောင်းဆရာမှ ဆက်ပြောသည်။

ကျောင်းဆရာနှစ်ဦးသည် TNLA အဖွဲ့မှ လက်နက် ပစ္စည်းဖွက်ထားသည့် သတင်းကြား၍ မြန်မာ့တပ်မတော်မှ လာရောက် မွှေနှောက်ပြီး စစ်ဆေးမေးမြန်းရကြောင်း ဖြစ်သည်ဟု ပြောသည်။ မည်သည့် ပစ္စည်းမျှ မတွေ့သည့်အတွက် ၎င်းတို့ ပြန်လည်ထွက်ခွာသွားသည်။

## ဖြစ်ရပ် (၃)။ ၂၀၁၉ ဒီဇင်ဘာ ၁၄ ရက်တွင် နမ့်ဆန်မြို့နယ်ရှိ ရွာသားပိုင်ပစ္စည်းများ သိမ်းယူခံရခြင်း (TWO)

ရှမ်းပြည်မြောက်ပိုင်း နမ့်ဆန်မြို့နယ် ကျောက်ဖြူလေးကျေးရွာအုပ်စု ကြွတ်သေကျေးရွာတွင် ဒေသခံများ စစ်ရှောင်နေစဉ်တွင် မြန်မာ့တပ်မတော် တပ်မ(၈၈)မှ ဒေသခံ၏ ပစ္စည်းများ မွှေနှောက်ခြင်း၊ သိမ်းယူခြင်းများ ပြုလုပ်ကြောင်း သိရသည်။

ရွာသားတစ်ဦးပြောပြချက်အရ *"အရင်လကတည်း ရွာသားတွေက ကျောက်ဖြူလေးကို စစ်ရှောင်ထွက်ပြေးခဲ့တယ်။ ရွာထဲမှာ ဘုန်းကြီးနဲ့ သီလရှင်တွေပဲကျန်ခဲ့တာ အိမ်မှာကျန်ခဲ့တဲ့ ဆန်၊ ဟင်းခြောက်တွေ ခြံထဲမှာ စိုက်ထားတဲ့ ဟင်းသီးဟင်းရွက်တွေ၊ စားစရာတွေအကုန်ယူ စားလိုက်တယ် ဖျက်ဆီးတယ်။ အသုံးအဆောင်ပစ္စည်းတွေလဲ မွှေနှောက်ထားတာ တစ်ရွာလုံးရှုပ်ပွနေတယ်။ စောင်တွေလဲ လမ်းမှာ ရောက်ကုန်ပြီလို့ ရွာပြန်သွားကြည့်ကြတဲ့ ရွာသားတွေက ကျတော့်ကို ပြောပြတယ်"* ဟု ပြောသည်။

မြန်မာ့တပ်မတော်သားများသည် နိုဝင်ဘာလလယ် တိုက်ပွဲစဖြစ်ကတည်းက ကြက်တေရွာအတွင်း ဝင်ရောက်နေထိုင်ခြင်း၊ ဒေသခံ၏ ပစ္စည်းများမွှေနှောက်ခြင်း၊ ယူသုံးခြင်း၊ စားသောက်ခြင်းနှင့် တပ်ရွှေ့ပြောင်းရာတွင်လည်း ရွာသားပိုင် မြင်းများနှင့် ဆိုင်ကယ်များကို ပစ္စည်းတင်ဆောင်ရန်အတွက် ယူသွားကြောင်း ထပ်မံပြောသည်။

## ဖြစ်ရပ် ၄။ ၂၀၁၉ နိုဝင်ဘာ ၂၂ ရက်တွင် ရွာသားများ ဓားစာခံအဖြစ် ဖမ်းဆီးခံရခြင်း (TWO)

ယနေ့ နံနက်ပိုင်း ၉ နာရီခွဲအချိန်တွင် တအာင်း(ပလောင်)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ် ဟူးခင်အုပ်စု၊ မန်မိုင် မိန်းကွမ်းကျေးရွာတွင် မြန်မာ့ တပ်မတော် တပ်မ(၈၈)မှ ရွာသား ၆၂ ဦးခန့်ကို ဓားစာခံ

အဖြစ် ခေါ်ဆောင်သွားခဲ့သည်။

အမည်မဖော်လိုသူ မန်မိုင်မိန်းကွမ်းရွာသား တစ်ဦးမှ *“အဲဒီသတင်းကတော့ အမှန်ပဲဗျ ဒီမနက် ၈ နာရီတုန်းက ရွာဘေးမှာ သေနတ်တွေပျောက်ပစ်နေတာ၊ သူတို့လူကြီးက ကျေးရွာအုပ်ချုပ်ရေးမှူးကို ခေါ်ခိုင်းတာ၊ အုပ်ချုပ်ရေးမှူးက မရှိလို့ ဒေါသထွက်၊ စိတ်ဆိုးပြီးတော့ ရွာထဲမှာ တွေ့သမျှလူခေါ်တယ် တစ်အိမ် တက်တစ်အိမ်ဆင်းလိုက်ခေါ်တာ အကုန်ခေါ်သွားတာ၊ တစ်ချို့ ကလေးကျောပိုးပြီး လိုက်သွားရတဲ့လူလည်း ရှိတယ် ”* ဟု ပြောသည်။

ခေါ်ဆောင်သွားခဲ့သော ရွာသားများ ၆၂ ဦးထဲတွင် အမျိုးသား (၂၀) ဦးနဲ့ အမျိုးသမီး (၄၂) ရှိပြီး သက်ကြီးရွယ်အိုများ၊ ကျောင်းဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လသားကလေးငယ်များ၊ လူလတ်ပိုင်းများနဲ့ ကျေးရွာအတွင်းရေးမှူးပါဝင်ပြီး လမ်းမလျှောက်နိုင်သော လူကြီး (၈) ဦးကို ဟူးခင်ကျေးရွာ လမ်းခွဲအထိ ခေါ်ဆောင်သွားခဲ့ပြီး လမ်းတစ်ဝက်တွင် ပြန်လွှတ်ပေးခဲ့သည်ဟု သိရသည်။

ပြန်လွှတ်လာသည့် ရွာသားတစ်ဦးမှ *“ကျမတို့ကို စစ်သားတွေကြားမှာ ခြားပြီးသွားခိုင်းတာ၊ ပစ္စည်းတွေတော့ မထမ်းခိုင်းဘူး၊ အတွင်းရေးမှူးကိုပဲ ထမ်းခိုင်းတာ သူ့ကိုလည်းကျမတို့ရှေ့မှာပဲ ရိုက်နှက်တယ်၊ ပြောမယ်ဆိုရင် ကျမတို့ရွာသားတွေက အသုံးချခံလိုက်ရတယ်ပေါ့၊ ကျမက ကျောင်းဆရာမပါလို့ပြောတော့ ကျောင်းဆရာမဆိုရင် သတ်ပစ်လိုက်ပါလို့ ပြောသေးတယ်၊ ကျမတို့လည်း အရမ်းတုန်လှုပ်သွားတယ် ကံကောင်းလို့ ပြန်လွှတ်လာပေးတာ”* ဟု ပြောပြသည်။

ဖမ်းဆီးခေါ်ဆောင်သွားခဲ့သော ကျေးရွာသား (၆၂) ဦးအနက် ကျေးရွာအတွင်းရေးမှူးဖြစ်သူ ကိုထွန်းညွှန့်အား လက်တွင်ကြိုးနဲ့ချည်နှောင်ထားပြီး ပစ္စည်းထမ်းခိုင်းသလို ရိုက်နှက်မှုရှိပြီး ဦးခေါင်း၊ မျက်စိ၊ နဖူးအပြင် ဝမ်းဗိုက်တွင် ပြင်းထန်စွာ ရိုက်နှက်ခံထားရသောကြောင့် အော့အန်ကာ ကျေးရွာရှိ ဆရာဝန်နဲ့ ဆေးကုသပေးနေပြီး စိုးရိမ်နေရသည့်အနေအထားရှိသည်ဟု သိရသည်။

*“ဒီကိစ္စနဲ့ပတ်သက်ပြီး နင်တို့ကျေနပ်လားတဲ့ သူတို့ပြန်မေးသေးတယ်၊ နင်တို့ရွာလူကြီးက အသုံးမကျလို့ ဒါမျိုးလုပ်ရတာတဲ့ မနေ့ကတည်းက လမ်းကြောင်းရှင်းခိုင်းတာ မလုပ်ထားဘူး၊ နည်းတောင်နည်းသေးတယ်လို့ ပြောတာ၊ ရွာသားတွေကိုလည်း မလိုက်ရင် ရွာမီးရှို့ပစ်မယ်လို့ ခြိမ်းခြောက်တယ်” ဟု ပြန်လွှတ်လာသည့် အမျိုးသမီးတစ်ဦးမှ ပြောသည်။*

ဒေသခံပြည်သူများအတွက် ရှေ့ဆက်အနာဂတ်တွင် ခြိမ်းခြောက်မှုတစ်ခုဖြစ်စေပြီး အသက်ရှင်လုံခြုံခွင့်မရှိသလို ကျေးရွာဒေသခံများအား တိုက်ပွဲကြားတွင် လိုရာဆွဲအသုံးမပြုရန်အပြင် တိုင်းရင်းသားအချင်းချင်းကြားတွင် ကိုယ်ချင်းစာစိတ်ထားစေလိုသည်ဟု ပြန်လွတ်လာသည့် ကျောင်းဆရာမတစ်ဦးမှ ပြောသည်။

## ဖြစ်ရပ် ၅။ ၂၀၁၉ ဩဂုတ်လ ၂၁ ရက်တွင် မသန်စွမ်းအရပ်သားတဦး ဖမ်းဆီး ညှဉ်းပန်းနှိပ်စက်ခံရခြင်း (KWAT)

နံနက် ၇ နာရီခန့်တွင် အသက် ၅၈ နှစ်အရွယ် ဆွံ့အနားမကြားသည့် လယ်သမားတဦးသည် ကွတ်ခိုင်မြို့ မြောက်ဖက် ၉ မိုင်အကွာရှိ ညီမဖြစ်သူ နေထိုင်ရာ နောင်ဆွိရွာတွင် နံနက်စာ ချက်ပြုတ်နေစဉ် မြန်မာ့တပ်မတော်မှ စစ်သားများ ရွာတွင်းဝင်လာပြီး ရွာသားများကို စစ်ဆေးမေးမြန်းကြသည်။

သူ့ကိုလည်း မေးမြန်းကြရာ ကောင်းစွာမကြားသဖြင့် ရိုက်နှက်ခံရပြီး ကြိုးဖြင့်တုတ်ထားပြီး တဲအတွင်းတွင် ဖမ်းထားသည်။ တခြားရွာသားများမှာလည်း ဖမ်းဆီး ချည်နှောင်ခံရပြီး မေးမြန်းခံနေရသည်။

နားမကြားသည့် ရွာသား၏ အကျီကိုဆုတ်ဖြဲ၍ ၎င်း၏မျက်နှာကိုဖုံးအုပ်ကာ စစ်သားများ၏ မေးမြန်းမှုကို မဖြေဟုဆိုကာ ထိုးကြိတ်ခံရသည်။

စစ်သားများမှာ တပ်မ ၈၈ ဖြစ်သည်။ တဲအတွင်း ၂ ရက်ခန့်အကြာတွင် သူ့ကို ကွတ်ခိုင်အနီးရှိ ခလရ ၄၅ သို့ ခေါ်သွားပြီး ၆ ရက်ကြာ ဖမ်းဆီးထားသည်။ သူ့အားဆောင့်ကြောင့်ထိုင်ခိုင်းထားပြီး လက်အား ခေါင်းနောက်တွင်တင်ထားရသည်။ သူ့ညီမဖြစ်သူက ခလရ ၄၅ သို့ လိုက်သွားပြီး တောင်းပန်သည့်အတွက် ဩဂုတ်လ ၂၈ ရက်တွင် သူ့ကိုလွှတ်ပေးလိုက်သည်။ သူမက သူ့အား အပူတပြင်း တရက်ခန့်ကြာအောင် လိုက်ရှာခဲ့ရသည်။ သူ့ညီမအား လွှဲပေးလိုက်သော်လည်း ၎င်းမှာ လမ်းကောင်းစွာ မလျှောက်နိုင်ပေ။ သူ့အား ဖမ်းဆီးစဉ်က ဝတ်ထားသည့် အဝတ်ကိုသာ ဆက်လက်ဝတ်ဆင်ထားသဖြင့် ညစ်ပတ်ပေကျံ့နေသည်။ ဖမ်းဆီးခံရစဉ်က အပေါ့၊ အလေးသွားရန် သူ့အားဖမ်းဆီးထားသူစစ်သားအား မပြောတတ်သည့်အတွက်ကြောင့် ထိုသို့ ဖြစ်ရခြင်းဖြစ်သည်။ ဖမ်းဆီးခံရစဉ်က ကြိုးဖြင့်တုတ်ထားသည့်အတွက် သူ၏လည်ပင်း၊ လက်ကောက်ဝတ်နှင့် ခြေချင်းဝတ်တို့တွင် ပွန်းပဲ့ဒဏ်ရာများ ရှိနေသည်။

## ဖြစ်ရပ် ၆။ ၂၀၁၉ ဩဂုတ်လ ၂၀ ရက်တွင် ရွာသားတဦး အဖမ်းခံရခြင်း (CHRO)

၂၀၊ ၀၈၊ ၂၀၁၉ရက်နေ့တွင် ရခိုင်ပြည်နယ် အမ်းမြို့တွင် အခြေစိုက်လျှက်ရှိသော အနောက်ပိုင်းတိုင်း စစ်ဌာန ချုပ်လက်အောက်ခံ ခမရ(၃၇၂)မှ ဗိုလ်မှူးဇာနီငြိမ်းချမ်းအဖွဲ့နှင့် အမ်းမြို့နယ်ရဲစခန်းမှ ဒုရဲအုပ် ညီညီထွန်းအ ဖွဲ့တို့က ပဒဲကြောကျေးရွာမှ ဦးကျော်ငွေးကို စစ်ဆေးမေးမြန်းရန်ရှိသည်ဟုဆိုကာ ရွာဘုန်းကြီး ကျောင်းသို့ ခေါ်ဆောင်သွားခဲ့အပြီး ဆက်လက်ဖမ်းဆီးခေါ်ဆောင်သွားခဲ့ရာမှ ယနေ့အချိန်အထိ အစအန ပျောက်ဆုံးနေသည်။

ထိုသို့ ဦးကျော်ငွေးကို ဘုန်းကြီးကျောင်းသို့ခေါ်ဆောင်သွားနေစဉ် စစ်တပ်နှင့်ရဲတပ်ဖွဲ့တို့က ဦးကျော်ငွေး နေအိမ်ကိုလည်း မွှေနှောက်ရှာဖွေခဲ့ကြရာ မည်သည့်ပြစ်မှုဆိုင်ရာ သက်သေအထောက်အထား တစုံတရာကို မျှ တွေ့ရှိခြင်းမရှိခဲ့သော်လည်း ဦးကျော်ငွေးကိုမူ ၂၁၊ ၀၈၊ ၂၀၁၉ ရက်နေ့တွင် အမ်းမြို့သို့ ဆက် လက် ခေါ်ဆောင်ခဲ့ကြသည်။

နောက် တပတ်အကြာတွင် မိသားစုဝင်များက အမ်းမြို့ရဲစခန်းနှင့် တပ်ရင်းများသို့သွားရောက်စုံစ မ်းမေး မြန်းခဲ့ရာ ၎င်းဦးကျော်ငွေးကိုမူ တွေ့ဆုံခွင့်မရရှိခဲ့ကြောင်း၊ ထို့နောက် ၀၃၊ ၀၉၊ ၂၀၁၉ရက်နေ့တွင် ဦးကျော်ငွေး အား နယ်မြေရှင်းလင်းရေးတပ်ဖွဲ့များနှင့်အတူ ပဒဲကြောကျေးရွာသို့ရောက်ရှိ၍ ထိုမှတဆင့် မအီ ချောင်း ဖြားသို့ နယ်မြေရှင်းလင်းရန် ဦးကျော်ငွေးကိုဆက်လက်ခေါ်ဆောင်းသွားခဲ့ကြသည်။

နောက် (၅)ရက်လောက်အကြာတွင် အဆိုပါနယ်မြေရှင်းလင်းရေးတပ်များနှင့်အတူ ဦးကျော်ငွေးသည် ၁၂၊၀၉၊၂၀၁၉ရက်နေ့တွင် ပဒဲကြောကျေးရွာသို့ပြန်လည်ရောက်ရှိရာတွင်လည်း သူ့မိသားစုဝင်များနှင့် တွေ့ဆုံ ခွင့်မရသည့်အပြင် နောက်နေ့ ၁၃၊ ၀၉၊ ၂၀၁၉ရက်နေ့တွင် ဦးကျော်ငွေး၏အကျိုးအကြောင်း အခြေအနေများ ကို စစ်ကြောင်းမှူး ဗိုလ်မှူးထံသွားရောက်မေးမြန်းခဲ့ရာ " ဘာမှပူပင်စရာမလိုဘူး ပြန်လည်လွတ်မြောက်လာ မှာပါ" ဟုသာဖြေကြားခဲ့သည်။

*"စစ်ကြောင်းမှူး ဗိုလ်မှူးကို ၁၃၊ ၀၉၊ ၂၀၁၉ရက်နေ့တွင် ဦးကျော်ငွေးအမှုနဲ့ အကျိုးအကြောင်းတွေ သွား မေးတော့ သူက ဘာမှစိတ်ပူစရာမလိုဘူး သူပြန်လွတ်လာမှာပါလို့သာ ကျနော်တို့ကို နှစ်သိမ့်စ ကားပြောခဲ့ တယ်။ နောက် ဗိုလ်မှူးအမည်နဲ့ တပ်ရင်းအမည်မေးတော့ ဗိုလ်မှူးကပြန်မပြောဘူး။ ၎င်း တို့အလံရဲ့ တံဆိပ်မှာ တော့ (၅၆၃) လို့ရေးထားတယ်။ နောက်ပြန်လေ့လာကြည့်တော့ အဲဒီတပ်ရင်းက ငွေမြို့နယ်မှလာရခြင်းဖြစ်ကြောင်းသိရတယ်။ အဲဒီနေ့ညတွင်းချင်း ၇-နာရီကျော်လောက်မှာ ဦးကျော်ငွေး*

*ကို ဘယ်နေရာကိုခေါ် ဆောင်မှန်းမသိဘဲ အဲဒီနောက်ပိုင်း သူအစအနပျောက်ဆုံးတာ ဒီနေ့အထိပါဘဲ"* ဟု အကိုဖြစ်သူက ပြောဆို သည်။

သူကဆက်လက်ပြီး *"ဦးကျော်ငွေးမှာ ဘယ်အဖွဲ့အစည်းနဲ့မှ ပါဝင်ပတ်သက်တာမရှိခဲ့ပါဘူး။ ကျနော် အာမခံ ပါတယ်။ ဦးကျော်ငွေး၏အမှုကိစ္စမှာ ပုဂ္ဂိုလ်ရေးနှင့် ခရစ်ယာန်ဘာသာဝင်ဖြစ်မှုနှင့် သက်ဆိုင်မှုရှိ နေသဖြင့် ကျေးရွာထဲက လူတစုမှ မကျေနပ်မှုဖြင့် ထောင်ချောက်ချ လုပ်ကြံမှုသာဖြစ်တယ်လို့ ကျနော် အာမခံ ပြောရဲတယ်။ ဦးကျော်ငွေးဟာ ပဒဲကြောရွာအတွင်းမှာ လက်လုပ်နေ့စားသမားဘဝဖြင့် သာ ရိုးသားစွာနဲ့လုပ် ကိုင်စားသောက် နေသူဖြစ်တယ်။ အခုလိုဖြစ်တာက လူတစုက ခရစ်ယာန် ဘာသာဝင် ကျနော်တို့ကို လုပ်ကြံနေခြင်းသာဖြစ်တယ်။ တကယ်လို့ ဦးကျော်ငွေးမှာ ပြစ်မှုတခုခု ကျူးလွန်နေယင်တောင် ဥပဒေအရ တရားရုံးမှာ တရားစွဲသင့်တယ်၊ အခုလို အစအနပျောက်ဆုံးတာ မိသားစုဝင်တွေ အင်မတန်မှစိုးရိမ်ကြောက် လန့်နေကြရတယ်။ အခုက ဦးကျော်ငွေး မိသားစုတင်မက ဘူး ရွာသားအားလုံးက ဒီကိစ္စကြောင့် အလွန်စိုးရိမ် ကြောက်လန့်နေကြပြီ"* ဟု ပြောဆိုသည်။

## ဖြစ်ရပ် ၇။ ၂၀၁၉ ဒီဇင်ဘာ ၁၀ ရက်နေ့တွင် AA မှ ရွာသားများကို ဖမ်းဆီးသွားခြင်း (CHRO)

ရခိုင်ပြည်နယ် မင်းပြားမြို့နယ် အထက်ငှက်ပေါ့ချောင်းအုပ်စု ဖားပြိုကျေးရွာမှ အသက်(၅၃)နှစ်အရွယ် အပါ အဝင်ရွာသား(၁၃)ဦးကို ၁၀၊ ၁၂၊ ၂၀၁၉ရက်နေ့တွင် AA လက်နက်ကိုင်အဖွဲ့က မည်သည့်အတွက် ဖမ်းဆီး ခေါ်ဆောင်သွားသည်ကို ရှင်းရှင်းလင်းလင်း မသိရပေ။

AAအဖွဲ့က ဖမ်းဆီးခေါ်ဆောင်သွားသည့် ဖားပြိုရွာသားများမှာ အသက်(၃၈)အရွယ် ဦးမောင်သန်းထွန်း၊ အသက်(၆၀)အရွယ် ဦးရွှေသာ၊ အသက်(၄)အရွယ် ဦးတင်ထွန်း၊ အသက်(၅၀)အရွယ် ဦးကျော်ထွန်းအောင်၊ အသက်(၂၆)နှစ်အရွယ် ဦးအောင်အောင်၊ အသက်(၄၂)အရွယ် ဦးအောင်ဝင်းစိုး၊ အသက်(၅၆)အရွယ် ဦးမဲကျော်၊ အသက်(၁၅)နှစ်အရွယ် မောင်အင်္ဂါဦး၊ အသက်(၄၀)အရွယ် ဦးအောင်ကျော်လတ်၊ အသက်(၄၅) အရွယ် ဦးသိန်း၊ အသက်(၃၂)အရွယ် ဦးမောင်သိန်းထွန်း၊ အသက်(၁၈)နှစ်အရွယ် မောင်ဝင်းနိုင်နှင့် အသက် (၅၂)နှစ် အရွယ် ဒေါ်အောင်မြဖြူ တို့ဖြစ်ကြကြောင်း သိရပါသည်။

## ဖြစ်ရပ် ၈။ ၂၀၁၉ ဒီဇင်ဘာ ၁၆ ရက်တွင် ရွာသားများ၏အိမ် မီးရှို့ခံရခြင်း (CHRO)

ချင်းပြည်နယ်တောင်ပိုင်း ပလက်ဝမြို့နယ် နံ့ဘူးကျေးရွာ၏ ပညာရေးဝန်ထမ်းအိမ်ယာအပါအဝင် အိမ်(၄)လုံးကို ၁၆၊ ၁၂၊ ၂၀၁၉ ရက်နေ့တွင် AA က မီးရှို့ဖျက်ဆီးခဲ့ကြောင်း ဒေသခံတဦးက CHRO အား သတင်းပေးပို့သည်။ မည်သည့်အတွက်ကြောင့် အိမ်များကို မီးရှို့ခဲ့သည်ကို ကွဲကွဲပြားပြား မသိရပေ။

## ဖြစ်ရပ် ၉။ ၂၀၁၉ စက်တင်ဘာ ၂၀ ရက်တွင် ငြိမ်းချမ်းစွာဆန္ဒပြသည့် ရခိုင်လူငယ်ကို ရဲတပ်ဖွဲ့မှ ဖမ်းဆီးခဲ့ခြင်း။ (AASYC)

တိုက်ပွဲများအတွင်း ကျူးလွန်ခံရသူများအတွက် တရားမျှတမှုကို တောင်းဆိုရန်အတွက် ငြိမ်းချမ်းစွာဆန္ဒပြရန် စီစဉ်သည့် ရခိုင်လူငယ် ကိုသန်းလှ (ခေါ်) မင်းဘာချေ အား ရဲတပ်ဖွဲ့က စစ်တွေတွင် ဖမ်းဆီးခဲ့သည်။ သူ့အား ဦးဥတ္တမ ပန်းခြံအနီးတွင် ညနေ ၃နာရီခွဲတွင် ဖမ်းဆီးသွားပြီးနောက် အာမခံဖြင့်ပြန်လွတ်လာသည်။ ကိုသန်းလှအား ပုဒ်မ ၁၉၊ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေဖြင့် ဒေသခံအာဏာပိုင်များက တရားစွဲခဲ့သည်။

## ဖြစ်ရပ် ၁၀။ ရခိုင်လူငယ်တဦး သေနတ်ဖြင့် ပစ်သတ်ခံရခြင်း (AASYC)

၂၀၁၉ ခုနှစ် ဇူလိုင်လတွင် အသက် ၂၂ အရွယ်ရှိ ဘိုသန်းထွန်း အား မြန်မာ့တပ်မတော်မှ သေနတ်ဖြင့် ပစ်ခတ် သဖြင့် ဒဏ်ရာပြင်းထန်စွာရရှိသွားပြီး ဆေးရုံအရောက်တွင် သေဆုံးသွားသည်။

# နိဂုံး

စစ်တပ်မှ ထိန်းချုပ်မှုအောက်တွင် မြန်မာနိုင်ငံသည် ထူးခြားစွာပင် လုံခြုံရေးနှင့် တရားမျှတမှုမှာ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့များ၏ တာဝန်ဖြစ်နေပြီး နိုင်ငံရေးနှင့် စီးပွားရေး လုပ်ပိုင်ခွင့်များလည်း ရနေသည်။ နိုင်ငံ ခေါင်းဆောင်များသည် ဘက်လိုက်မှုကင်းမဲ့သည်ဟု မျှော်လင့်ရသော်လည်း လက်တွေ့တွင်မူ စစ်တပ်နှင့် ပတ်သက်ဆက်စပ်နေသည့် ရဲတပ်ဖွဲ့အပါအဝင် တရားရုံးနှင့် တရားရေးဆိုင်ရာ အဖွဲ့အစည်းများမှာ စစ်တပ် ထိပ်တန်းအရာရှိကြီးများ၏ ဩဇာအောက် နက်နက်ရှိုင်းရှိုင်း ကျရောက်နေသည်။ အရပ်သား ခေါင်းဆောင် များ၏ အတွင်းကျကျ သိမြင်၊ ပါဝင်နိုင်မှု အားနည်းခြင်းကြောင့် ပြဿနာများရှိနေပြီး အလေးအနက် ပြုပြင် ပြောင်းလဲရေး အတွက်လည်း အခွင့်အလန်းအနည်းငယ်သာ ရှိနေသည်။

ဥပဒေအား စောင့်ထိန်းလိုက်နာစေခြင်း စနစ်အပါအဝင် တရားမျှတမှုအတွက် ဥပဒေအရ ဆောင်ရွက် ခြင်းသည် လက်ရှိမြန်မာ့ ဥပဒေဘောင်အတွင်း ချို့ယွင်းအားနည်းခြင်းများ ရှိနေသည်။ တက်ကြွ လှုပ်ရှားသူများ နှင့် တာဝန်ခံ၊ တာဝန်ယူမည့် ယန္တယားများ အားကောင်းလာစေရန်အတွက် နိုင်ငံတကာ လူ့အသိုင်းအဝိုင်းနှင့် လက်တွဲလုပ်ဆောင်နေသည့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများမှာ ပြစ်တင်ခံနရပြီး ရလဒ်အနေ ဖြင့် ချိုးဖောက်မှုများကို မှတ်တမ်းတင်နေသည့် အဖွဲ့များအပေါ် အများမှ ယုံကြည်လက်ခံမှုကို ခြိမ်းခြောက် ၍ ခွဲခြားမှုများရှိနေသည်။ အစိုးရနှင့် စစ်တပ်တို့၏ ပူးပေါင်းဆောင်ရွက်မှု အားနည်းကြောင်း သက်သေကို စစ်တပ်၏ စီးပွားရေးလုပ်ငန်းများကို သပိတ်မှောက်ရန် UN မှ ဩဂုတ်လအတွင်း အစီရင်ခံစာ ထုတ်ပြန် သည့်ကာလတွင် တွေ့ရသည်။[၆၅] နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကုလသမဂ္ဂအ ချက်အလက်ရှာဖွေရေးကော်မရှင်၏ အစီရင်ခံစာသည် မြန်မာနိုင်ငံအား ထိခိုက်စေရန်ရည်ရွယ်သည့်အတွက် သူမအစိုးရအနေဖြင့် ပြတ်ပြတ်သားသား ပယ်ချသည်ဟု တုန့်ပြန်ခဲ့သည်။[၆၆] အစီရင်ခံစာတွင် စစ်တပ်နှင့် စီးပွား ရေးပူးပေါင်းလုပ်ဆောင်နေသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီ ၆၀ နီးပါးကို အတည်ပြုထားသည်။[၆၇]

ကာကွယ်စောင့်ရှောက်ခွင့် စံချိန်နှင့် လူသားချင်းစာနာသည့် ဥပဒေအပါအဝင် နိုင်ငံတကာ ကာကွယ် စောင့် ရှောက်ရေးယန္တယားမှာ သွေးခွဲအုပ်ချုပ်သည့် နည်းနာကို ကျင့်သုံးသည့် အာဏာပိုင်တို့၏ ဖိအား ပေးခံ နေရသည့်အတွက် အသက်ရှင်ကျန်ရစ်သူများအတွက် ဆောင်ရွက်ရန် ပျက်ကွက်လျှက်ရှိသည်။ ရှေ့ဆက်

၆၅။ John Reed, "UN calls for boycott of Myanmar companies with military links," 5 August 2019, The Financial Times. https://www.ft.com/content/c615f100-b735-11e9-8a88-aa6628ac896c

၆၆။ "Suu Kyi-led Rakhine Development Agency Says UN Report 'Intended to Harm' Myanmar," 8 August 2019, The Irrawaddy. https://www.irrawaddy.com/news/burma/suu-kyi-led-rakhine-development-agency-says-un-report-intended-harm-myanmar.html

၆၇။ "UN study finds businesses funding Myanmar army abuses," 5 August 2019, Bangkok Post. https://www.bangkokpost.com/world/1724899/un-study-finds-businesses-funding-myanmar-army-abuses

လုပ်ဆောင်ရန်အတွက် အကြံပြုချက်များအား လက်ခံမည်လား သို့မဟုတ် အသိအမှတ်ပြုမည်လားဆိုသည်ကို နောက်ဆုံးတွင် ဆုံးဖြတ်ရမည်ဖြစ်ပြီး၊ ကျူးလွန်ခံရသူများ၏ ဂုဏ်သိက္ခာမှာ အဓိကတာဝန်ရှိသည့် နိုင်ငံရေး ခေါင်းဆောင်များမှ ပေးထားသည့် ကတိကဝတ်ကို အလေးထားမှုအပေါ် မူတည်နေသည်။

စောင့်ကြပ်ကြည့်ရှုမှုမရှိခြင်းနှင့် အပြစ်ကျူးလွန်သူများအား အမှန်တကယ်တာဝန်မှုရှိစေရန်အတွက် တာဝန်ယူ၊ တာဝန်ခံမည့်ယန္တယားက အားနည်းခြင်းနေပြီး မြန်မာ့တပ်မတော်နှင့် EAO များအကြား တိုက်ပွဲများဖြစ်နေသည့်အတွက် ငြိမ်းချမ်းရေးဖြစ်စဉ် နှောင့်နှေးနေသည်မှာလည်း အံ့သြစရာမဟုတ်ပေ။ ထို့အပြင် အဖွဲ့ဝင်များ၏ မှတ်တမ်းများအရ ND-Burma အနေဖြင့် ကျိုးကြောင်းခိုင်လုံစွာ နိဂုံးချုပ်လိုသည်မှာ တိုင်းရင်းသားဒေသများတွင် လူ့အခွင့်အရေးချိုးဖောက်ကျူးလွန်ကြသည့် တပ်ရင်း၊ တပ်ဖွဲ့အသီးသီးမှ စစ်သားများ အတွက် မြန်မာ့တပ်မတော်အနေဖြင့် တာဝန်ခံ၊ တာဝန်ယူမှု မရှိခြင်းဖြစ်သည်။

ND-Burma အဖွဲ့ဝင်များအနေဖြင့် အစိုးရနှင့် စစ်တပ်ခေါင်းဆောင်များအား ပြန်လည်ကုစား ပေးလျော်ခြင်း (Reparations) သို့မဟုတ် အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်း (Institutional Reform) ကဲ့သို့ အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှု (Transitional Justice) လုပ်ငန်းစဉ်များကို စဉ်းစားလုပ်ဆောင်ရန် တိုက်တွန်းစည်းရုံးလျှက်ရှိသည်။ TJ လုပ်ငန်းစဉ်များသည် နိုင်ငံတွင်းဖြစ်ပွားခဲ့သည့် အကြီးအကျယ် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကိုင်တွယ်သည့် နည်းလမ်းများစွာကို ရည်ညွှန်းဖော်ပြပေးသည်။[၆၈]

လူ့အခွင့်အရေးချိုးဖောက်ခံရသူများသည် စီးပွားရေးကြပ်တည်းခြင်းနှင့် ကျန်းမာရေးပြဿနာများကဲ့သို့ အကျိုးဆက်များကို ခံစားကြရသည်။ အများစုက ပြောသည်မှာ အစိုးရ သို့မဟုတ် ကျူးလွန်သူများမှ ၄င်းတို့ (ကျူးလွန်ခံရသူများ) ခံစားနေရသည့် ဒုက္ခများ ပြေလျော့သွားစေရန် ပုံစံတမျိုးမျိုးဖြင့် ဆောင်ရွက်ပေးရန် လိုလားကြသည်။[၆၉] လက်ရှိအခြေအနေတွင် ND-Burma ၏ ပြန်လည်ကုစားပေးလျော်မှုအလုပ်အဖွဲ့ (RWG) သည် အစီရင်ခံသည့်ကာလအတွင်း နေပြည်တော်ရှိ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ပြင်ပတွင် တွေ့ဆုံ၍ ပြန်လည်ကုစားပေးလျော်မှုနှင့် ပတ်သက်သည့် အစီရင်ခံစာ "ဥပက္ခောမ ပြုကောင်းသောဘဝများ" မှ တွေ့ရှိချက်များ၊ အကြံပြုချက်များကို ရှင်းလင်းပြောကြားလျှက်ရှိသည်။[၇၀] ထို့အပြင် TJ အခြခံအယူအဆနှင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်သင့်သည့် ပြန်လည်ကုစားပေးလျော်မှုဆိုင်ရာ မူဝါဒ စာတန်းကိုလည်း ရှင်းလင်းကြသည်။

၆၈။ OHCHR: Basic Principles and Guidelines on the Right to a Remedy and Reparation for Victims of Gross Violations of International Human Rights Law and Serious Violations of International Humanitarian Law. Adopted and proclaimed by the General Assembly resolution 60/147 of 16 December 2005, http://www.ohchr.org/EN/ProfessionalInterest/Pages/RemedyAndReparation.aspx

၆၉။ Ibid

၇၀။ "You Cannot Ignore us: Victims of human rights violations in Burma from 1970-2017 outline their desires for justice." ND-Burma, October 2018 https://nd-burma.org/you-cannot-ignore-us-victims-of-human rights-violations-in-burma-from-1970-2017-outline-their-desires-for-justice/

အောက်ခြေအဆင့်စစ်သားများမှာ ၎င်းတို့ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက်အပြစ် ပေးခံရသည့် ဖြစ်ရပ်အချို့ရှိသည်။ တရားဥပဒေစိုးမိုးမှု အားနည်းခြင်း၊ ဖိနှိပ်သည့်ဥပဒေများ ရှိနေခြင်း၊ ခြစားသည့် တရားစီရင်ရေးစနစ်နှင့် ပြစ်မှုကျူးလွန်သူများ အပြစ်ပေးအရေးယူမှုမှ ကင်းလွတ်နေသည့် ယဉ်ကျေးမှုတို့ကြောင့် လူ့အခွင့်အရေးချိုးဖောက်ခံရသူအများစုမှာ တရားမျှတမှုကို မရရှိသည့်အပြင် ၎င်းတို့တွေ့ကြုံခံစားနေရသည့် သက်ရောက်မှုများအတွက် ပြန်လည်ကုစားပေးလျော်မှု တစုံတရာလည်း မရရှိပေ။ လူ့အခွင့်အရေး ချိုးဖောက်ခံရသူများမှာ ကျန်းမာရေးစောင့်ရှောက်ခံပိုင်ခွင့် သို့မဟုတ် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထောက်အကူများ အရေးတကြီး လိုအပ်နေသော်လည်း မည်သည့်အကူအညီမျှ မရခြင်းဖြစ်သည်။ မြန်မာပြည်တွင် တိုင်းရင်းသားဒေသများတွင် နှစ်ပေါင်းများစွာ ဖြစ်ပွားနေသည့် ပဋိပက္ခများအရေးတကြီး အဆုံးသတ်သွားရန်သာမက ဥပဒေပြင်ဆင်မှုများလည်း လိုအပ်နေသည်။

# အကြံပြုချက်များ

## မြန်မာအစိုးရအနေဖြင့်

- လူ့အခွင့်အရေးချိုးဖောက်မှုများရှိသည်ဟု စွပ်စွဲခံနေရသည့် ဒေသများသို့ လူသားချင်းစာနာမှု အကူအညီပေးနေသည့်အဖွဲ့များ၊ လူ့အခွင့်အရေးအဖွဲ့များနှင့် သတင်းမီဒီယာများအား လွတ်လွတ်လပ်လပ် အချက်အလက် ရယူခွင့်ပေးရန်။

- ဆိုးဆိုးရွားရွား လူ့အခွင့်အရေးချိုးဖောက်မှုများရှိကြောင်း လူသိရှင်ကြား အသိအမှတ်ပြုရန်နှင့် ကျူးလွန်ခံရသူများအား ရေရှည်နှင့် လိုအပ်သည့် ပြန်လည်ကုစားပေးလျော်မှုများ ပေးအပ်ရန်။

- ဥပဒေပြုရေးမဏ္ဍိုင် ပြုပြင်ပြောင်းလဲရေးအတွက် ဥပဒေစနစ်အား နိုင်ငံတကာ လူ့အခွင့်အရေး တာဝန်ဝတ္တရားများနှင့်အညီ ပြဋ္ဌာန်းရန်။

## မြန်မာ့တပ်မတော်အနေဖြင့်

- စစ်ကျင့်ဝတ် စည်းကမ်းများကို နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်အညီ ထည့်သွင်းရေးဆွဲ၍ လူ့အခွင့်အရေးချိုးဖောက်သည်ဟု စွပ်စွဲခံရသည့် စစ်သားများအား စစ်ခုံရုံးတွင် မဟုတ်ဘဲ အရပ်ဖက်ခုံရုံး တွင် တရားစီရင်ရန်။

- တိုင်းရင်းသားဒေသများမှ တပ်များ ချက်ခြင်းရုပ်သိမ်းရန် သို့မှသာ အရပ်သားများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ပြီး အားလုံးပါဝင်သည့် နိုင်ငံရေးအရ တွေ့ဆုံညှိနှိုင်းမှုဖြင့်သာ မြန်မာပြည်ရှိ တိုင်းရင်းသားအားလုံး၏ တန်းတူရေးနှင့် တရားမျှတမှုကို အာမခံသည့် ဖက်ဒရယ် ဖွဲ့စည်းပုံ အခြေခံဥပဒေတရပ် ပေါ်ထွန်းလာစေရန်။

### နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့်

- စစ်တပ်သည် အရပ်သားများ ဦးဆောင်မှုအောက်တွင် ရှိရမည့် ဖွဲ့စည်းပုံအခြေခံဥပဒေအဖြစ် ပြောင်းလဲနိုင်မှသာ မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးပြီး ဒီမိုကရေစီထွန်းကားမည်ကို အသိအမှတ်ပြု လက်ခံရန်။ လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် စုံစမ်းစစ်ဆေးရန်အတွက် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ လွတ်လပ်သည့် နိုင်ငံတကာစုံစမ်းစစ်ဆေးရေးအဖွဲ့၊ အမှန်တရားကော်မရှင်နှင့် ဘက်မလိုက် လွတ် လပ်သည့် ပြည်တွင်းခုံရုံးများအပါအဝင် တရားစီရင်ရေး၊ တရားစီရင်ပိုင်ခွင့် ပြင်ပရှိ ထိရောက်သော TJ ယန္တရားများ ဖွဲ့စည်းထူထောင်ရန် မြန်မာအစိုးရအား တိုက်တွန်းပြောဆိုရန်။

## အဖွဲ့ဝင်များ၏ မှတ်တမ်းများအရ တွေ့ရသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ

ယခုဇယားတွင် မှတ်တမ်းတင်သည့်အဖွဲ့အစည်းများနှင့် ပြည်နယ်နှင့် မြို့နယ်တချို့တွင် အရပ်သား များအပေါ် အကြမ်းဖက် ကျူးလွန်သူများကို ဖော်ပြထားပါသည်။[၁]

| မှတ်တမ်းတင်သည့် အဖွဲ့အစည်း | ဖြစ်ရပ် | ကျူးလွန်သူများ | လူ့အခွင့်အရေးချိုးဖောက်မှု အမျိုးအစား | ဖြစ်ပွားသည့် နေရာ |
|---|---|---|---|---|
| TWO | ၆၁ | မြန်မာ့တပ်မတော် : ၃၆<br>မြန်မာ့တပ်မတော်: ၂<br>RCSS : ၂<br>မည်သည့်အဖွဲ့မှန်း မသိ : ၂၇ | မြေမြှုပ်မိုင်း: ၁၅<br>အတင်းအဓမ္မ ခိုင်းစေခြင်း: ၆<br>အတင်းအကြပ်ဖမ်းဆီးမှု: ၁၀<br>ဗုံးကြဲခြင်း: ၁၃<br>ရမ်းသမ်းပစ်ခတ်ခြင်း: ၅<br>ပစ္စည်းဥစ္စာများ ဖျက်ဆီးခံရခြင်း: ၄<br>ညှဥ်းပန်းနှိပ်စက်ခြင်း: ၃<br>သတ်ဖြတ်ခြင်း: ၂<br>အတင်းအကြပ်လူသစ်စုဆောင်းခြင်း: ၁<br>အတင်းအကြပ်ရွှေ့ပြောင်းခံရခြင်း: ၁<br>လူသားချင်းစာနာသည့် အကူအညီပေးမှုအား တားမြစ်ခြင်း: ၁ | ရှမ်းပြည်မြောက်ပိုင်း : ၆၁<br>မြို့နယ်များ:<br>ကွတ်ခိုင် : ၁၈<br>နမ့်ခမ်း : ၄<br>နမ့်ဆန် : ၁၉<br>သိန္နီ : ၂<br>မန်တုန် : ၁<br>မိုင်းငေါ့ : ၂<br>သီပေါ : ၂<br>လားရှိုး : ၃<br>ကျောက်မဲ : ၁၀ |
| TYSU | ၂၃ | မြန်မာ့တပ်မတော်: ၁၁<br>TNLA : 5<br>RCSS : 4<br>မြန်မာ့ရဲတပ်ဖွဲ့ : ၂<br>ကောင်းခါး<br>ပြည်သူ့စစ် : ၁ | အတင်းအကြပ်ဖမ်းဆီးခြင်း : ၄<br>ပစ္စည်းဥစ္စာများ ဖျက်ဆီးခံရခြင်း : ၄<br>ဗုံးကြဲခြင်းကြောင့် သေဆုံးခြင်း : ၃<br>မတရားသင်းပုဒ်မဖြင့် ဖမ်းဆီးခံရခြင်း : ၁<br>ညှဥ်းပန်းနှိပ်စက်ခြင်း : ၄<br>လက်နက်ထိ၍ ဒဏ်ရာရခြင်း : ၁<br>ရွာသားများအား ဓားစာခံအဖြစ် အသုံးပြုခြင်း : ၁<br>မတရားအခွန်ကောက်ခြင်း : ၁<br>မြေမြှုပ်မိုင်းကြောင့် သေဆုံးခြင်း : ၂<br>မြေမြှုပ်မိုင်းကြောင့် ဒဏ်ရာရခြင်း : ၁ | ရှမ်းပြည်မြောက်ပိုင်း : ၂၃ |
| CHRO | ၉ | မြန်မာ့တပ်မတော် : ၁<br>AA : ၄<br>မည်သည့်အဖွဲ့မှန်း မသိ : ၄ | ပစ္စည်းဥစ္စာများ ဖျက်ဆီးခံရခြင်း : ၁<br>ရမ်းသမ်း ပစ်ခတ်၊ ဗုံးကြဲခြင်း : ၁<br>မတရားဖမ်းဆီးခြင်း : ၇ | ချင်းပြည်နယ် : ၆<br>ရခိုင်ပြည်နယ် : ၃ |
| KWAT | ၃ | မြန်မာ့တပ်မတော် : ၂<br>မည်သည့်အဖွဲ့မှန်း မသိ : ၁ | ရမ်းသမ်း ပစ်ခတ်၊ ဗုံးကြဲခြင်း : ၂<br>မတရားဖမ်းဆီးခြင်း : ၁ | ကချင်ပြည်နယ် : ၄ |
| AASYC | ၆ | မြန်မာ့တပ်မတော် : ၅<br>AA : ၁ | သေနတ်ဖြင့် ပစ်ခံရခြင်း : ၃<br>မတရားဖမ်းဆီးခြင်း : ၁<br>ရမ်းသမ်း ပစ်ခတ်၊ ဗုံးကြဲခြင်း : ၂ | ရခိုင်ပြည်နယ် : ၆ |

၁။ အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း တိုက်ပွဲဖြစ်ပွားစဥ်အတွင်း အရပ်သားများ သေဆုံးဒဏ်ရာရခြင်း (သို့) အတင်းအကြပ် ရွှေ့ပြောင်းရခြင်းတို့အတွက် မြန်မာ့တပ်မတော်နှင့် EAOs များတွင် တာဝန်ရှိသည်။ ချိုးဖောက်မှုများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေသော်လည်း နှစ်ဖက်စလုံးမှ ငြင်းဆန်မှုနှင့် တာဝန်ယူမှု မရှိသည့်အတွက် လူ့အခွင့်အရေး အဖွဲ့အစည်းများအတွက် မှတ်တမ်းတင်ရန်နှင့် တရားမျှတမှုအတွက် ဆောင်ရွက်ရန် နောက်ထပ် အခက်အခဲတခု ဖြစ်ပေါ်စေသည်။

Network for Human Rights Documentation - Burma

ND - Burma

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်(မြန်မာနိုင်ငံ)

# မြန်မာနိုင်ငံ
# လူ့အခွင့်အရေး
# အခြေအနေ
# အစီရင်ခံစာ



www.nd-burma.org

office@nd-burma.org